
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုရှိုင်မာရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ခံယူနိုင်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# သစ်ငုတ်စိုးတဲ့ မိုးသူည

## တမလွန်စီရင်ချက်ထဲက ဝိညာဉ်မလေးရဲ့အမုန်း



www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၈၃၀၃၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၅၇၂၁၂၁၁
၂၀၁၂ခုနှစ်၊ ဧပြီလ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-)ကျပ်

❑ **ထုတ်ဝေသူ**
ဦးသစ်လွင်၊ ဂန္ဓေါမြိုင်စာပေ၊ (မြ-၀၉၄၈)၊ အမှတ် ၁၁၃၊
ရွှေပြည်သာလမ်း၊ ၆-ရပ်ကွက်၊ သာကေတမြို့နယ်။

❑ **မျက်နှာဖုံးပုံနှိပ်**
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ်-၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

❑ **အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက်
၉/အိတ်ချ်၊ နဝရတ်လမ်းသွယ်၊ မရမ်းကုန်းမြို့နယ်။

❑ **ဖြန့်ချိရေး** ပြည်လုံးကျွတ်ဖြန့်ချိရေး
ရွှေရင့်အောင်စာပေ
အမှတ်-၄၉၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ရ၉၅.ရ၃
သစ်ငုတ်စိုးတဲ့ဖိုးသူည
တမလွန်စီရင်ချက်ထဲကဝိညာဉ်မလေးရဲ့အမုန်း/သစ်ငုတ်စိုးတဲ့ဖိုးသူည
– ရန်ကုန်၊
ဂန္ဓေါမြိုင်စာပေ၊ ၂၀၁၂။
၁၂၀-စာ၊ ၁၃၀ × ၂၀၇ စင်တီ။
(၁) တမလွန်စီရင်ချက်ထဲကဝိညာဉ်မလေးရဲ့အမုန်း


# သစ်ငုတ်စိုးတဲ့ ဖိုးသူည

## ရေးသားထုတ်ဝေပြီးစာအုပ်များ


၁။ ဝိညာဉ်တို့၏မာယာမြို့တော်
၂။ လိမ်ပြာများတဲ့ မာယာည
၃။ တမလွန်နှလုံးသားနှင့်ဝိညာဉ်ချစ်သူ
၄။ တစ္ဆေနေတဲ့မြို့ကမှော်ဆရာ
၅။ တစ္ဆေတစ်ကောင်၏မွေးနေ့လက်ဆောင်
၆။ သေမင်းဒိုင်ယာရီထဲက ဝိညာဉ်မလေးနာမည်
၇။ မှော်ဆရာရေးတဲ့ မရဏကျမ်း
၈။ မရဏသေမင်း၏ တမန်တော်


**ဆက်လက်ထုတ်ဝေမည့်စာအုပ်များ**


၁။ ဝိညာဉ်သေတမ်းစာထဲကသိုးမည်း
၂။ ဝိညာဉ်စံအိမ်က မာယာမင်းသမီး
၃။ ဝိညာဉ်ချစ်တဲ့ ဂျစ်ပစီမလေး


**ယခုလ**

တမလွန်စီရင်ချက်ထဲက ဝိညာဉ်မလေးရဲ့အမုန်း

www.burmeseclassic.com

www.burmeseclassic.com

# ဇာတ်တစ်ပုဒ်ကိုဝေဖန်ခြင်းကဏ္ဍ

ချစ်ခင်လေးစားအပ်ပါသော စာဖတ်ပရိသတ်ကြီးခင်ဗျား ...

ယခင်လက "သေမင်းအဏ္ဏာရီထဲက ဝိညာဉ်မလေးနာမည်" စာအုပ်ကို ဝေဖန်ကြသူတွေရဲ့ ဝေဖန်စာများစွာကို လက်ခံရရှိပါတယ်။

ဝေဖန်စာရေးပို့တဲ့ ပရိသတ်ကိုလည်း အထူးကျေးဇူးတင်ပါတယ်။

အခုလမှာလည်း ပရိသတ်ကြီးက ကျွန်တော် ဝေဖန်ပေးစေလိုတဲ့ "မှော်ဆရာရေးတဲ့ မရဏာကျမ်း" ဝတ္ထုစာမူအတွက် ဝေဖန်စာများစွာရရှိလာပါတယ်။

အဲဒီထဲမှာမှ အကောင်းဆုံးဝေဖန်စာသုံးစောင်ကို ဖော်ပြပေးလိုက်သလို ဆုငွေကိုလည်း ဆက်သွယ်ကာ ချီးမြှင့်ပေးသွားမှာဖြစ်ပါတယ်။

ယခင်လကလည်း အကောင်းဆုံးဝေဖန်စာရေးသားသူတွေကို ဆုငွေချီးမြှင့်ပြီးဖြစ်ပါတယ် ...

ဖိုးသုညကတော့ ပရိသတ်အဆုံးအဖြတ်အပြင် သုံးသပ်မှုတွေကို အစဉ်သဖြင့် လေးစားနေမှာပါလို့ ...

ကျေးဇူးတင်လျက်
စာရေးတဲ့
သစ်ငုတ်စိုးတဲ့ ဖိုးသုည

စာဖတ်ပရိသတ်ကြီးရဲ့ ကျေးဇူးများစွာနဲ့ ရပ်တည်နေတဲ့ ဖိုးသုညကို
၁၃ လမှာ ၁၃ ကြိမ်မြောက်ရ ၆၀ ပြန်ပေးစေလို့တဲ့ စာကြွင်းမည်က ...
"တမလွန်စီရင်ချက်ထဲက ဝိညာဉ်မလေးရဲ့အမုန်း" ဆိုတဲ့
စာအုပ်ပဲ ဖြစ်ပါတယ် ...

www.burmeseclassic.com

www.burmeseclassic.com



သို့

ဖိုးသုည …

ကျွန်မက ရာဇဝင်တွေ အတ္ထုပ္ပတ္တိတွေ ပုံပြင်တွေကို သိပ်ယုံတဲ့လူတော့ မဟုတ်ပါဘူး။ ပစ္စုပ္ပန်ဘဝကို တည့်တည့်ပဲလျှောက်ချင်သူပါ …

အဲဒီအမြင်နဲ့ရပ်တည်လာတဲ့ ကျွန်မ ပရလောက က အဖြစ်အပျက်တစ်ခုနဲ့ ကိုယ်တွေ့ကြုံတဲ့တစ်နေ့ … ကစလို့ ဂမ္ဘီရပရလောကနဲ့ဆိုင်တဲ့ စာအုပ်တွေ ဖတ်လာပါတယ်။

ကလောင်စုံပါပဲ … အဲ … ဆရာ့စာအုပ်အတော်များများကိုလည်း ဖတ်လာရတော့ စိတ်ထဲကျေနပ်တယ်လို့ပြောပါရစေ … စာအရေးအသားပြေပြစ်မှု တစ်ခန်းနဲ့တစ်ခန်း ဖတ်ချင်အောင် ချိတ်ဆက်မှု ဇာတ်လမ်းထူးခြားမှုတွေဟာ ဆရာ့စာအုပ်တွေကို ကျွန်မ ဖတ်ဖြစ်အောင် ဆွဲဆောင်ထားတာပါပဲ။

ဆရာ့ရဲ့ ထူးဆန်းတဲ့ ဖိတ်ခေါ်မှု (ဝေဖန်စာရေးသားစေချင်တဲ့ကမ်းလှမ်းစာ)ကို တွေ့လိုက်ရတော့ ကျွန်မ သိပ်ကိုအားမရတဲ့အပိုင်းတွေကို ရေးခွင့်ရတော့မယ်ဆိုတာ သိတော့ အငမ်းကို ကျေနပ်မိတယ် ဆရာရေ …

ကျွန်မ စပြီဆရာ … မရဏသေမင်းရဲ့ တမန်တော် ဆရာဝေဖန်စေလိုတဲ့ အကြောင်း …

ကျွန်မ ပထမဆုံးပြောချင်တာက …

ဆရာကိုယ်တိုင်က ဆရာ့ဇာတ်ကောင်ကို ပြင်ပသဘာဝမှာမရှိတဲ့ အမြဲအမူတွေ ဆို ပုံဖော်ထားပါတယ် …

အတွေးလွန်နေတဲ့ဆရာ အမြဲကြေဆိုတဲ့ မြေခွေးမလေးကို ပုံဖော်ထားပါတယ်။ ဆမင်းစားရင်တောင် ခွေးတွေလိုစားတဲ့ကလေးရဲ့စရိုက်ဟာ ဆရာတင်ပြထားတာဆိုးလွန်းပါတယ်။

ခွေးတွေနဲ့ သတ်လိုက်ပုတ်လိုက်ဆော့ကစားတတ်တဲ့မြေခွေးမလေး သူ့ကိုသည်းခံလွန်းတဲ့ တိမ်မာန်ဆိုတဲ့ကောင်လေးစတဲ့ စရိုက်တွေဟာ မပီပြင်ပါဘူးဆရာ …

စာရေးကောင်းလို့သာ ဇာတ်တစ်ပုဒ်ကိုဖြစ်အောင်ရေးထားတာပါ။

အတိတ်ဘဝအကြောင်းရေးတော့ ဇာတ်ကွက်ကို လက်ရှိဘဝနဲ့ ချိတ်မိအောင် ဆရာရေးထားတာ မချိုးကျွံဘဲမနေနိုင်ပါဘူး။ ဆန်းပြားတဲ့ဇာတ်လမ်းတွေ ရေးတတ်ပေမယ့် တစ်ခါတလေ ကိုယ်လိုရာကိုဆွဲရေးတဲ့ ဆရာ့ရဲ့အတွေးက ဒီစာအုပ်မှာ အပေါ်လွင်ဆုံးပါပဲ။

စစ်ကိုကြီးနဲ့ မြေခွေးမလေးတို့ရဲ့ နောက်ဆုံးဇာတ်သိမ်းက သဘာဝမကျဆုံးပါပဲ အတိတ်ကလိုဆိုပေမယ့် အခုထက်ပိုဖော်ပြသင့်တာပါ။

ဘာပဲဖြစ်ဖြစ်ပါ။

ဖတ်ကောင်းပါတယ်။ နောင်လည်း အတွေးနယ်လွန်တာကလွဲရင် ဇာတ်ကောင်းကောင်းလေးတွေရေးနိုင်ပါစေလို့ …

မပြင့်
ဒိုင်။

www.burmeseclassic.com

www.burmeseclassic.com



သို့

ဗိုးသုည ...

ရဲရင့်အောင်စာပေ

သမီးက ဆရာ့ရဲ့ စာဖတ်ပရိသတ်တစ်ယောက်တော့ မဟုတ်ပါဘူး။ သမီးက အချစ်ဝတ္ထုတွေပဲကြိုက်တယ်။ ဖတ်လည်းဖတ်အားဖတ်တယ်။

သရဲတစ္ဆေ ဝတ္ထုတွေကိုတော့ ခေါင်းစဉ်နာမည်လေးလှရင်ဖတ်တယ် ... ဆရာ စာအုပ်ဖတ်တာက ခေါင်းစဉ်လေးတွေလှလို့ပါ ... ဆရာ့ရဲ့ ဝေဖန်ပေးပါလို့ ကမ်းလှမ်းတဲ့ စိတ်ခေါ်စာကိုဖတ်ပြီး သမီးကြိုးစားပြီး ရေးလိုက်တာပါ ...

ဝေဖန်စာဖြစ်လို့ အမှားပါလည်း ခွင့်လွှတ်ပါလို့ မတောင်းပန်ဘူးနော် ... ဝေဖန်တာ ကိုယ်ပိုင်အမြင်နဲ့ ထောက်ပြတာဖြစ်လို့ လက်ခံခြင်းလက်မခံခြင်းဟာ ဆရာ့ရဲ့ဆန္ဒပါ။

ဆရာ ဝေဖန်စေချင်တဲ့ မရဏသေမင်းဇာတမန်တော်ကို သမီးအမြင်နဲ့ ဝေဖန်လိုက်ပါတယ်။

ဆရာ ဇာတ်လမ်းလေးဟာ တခြား ပရလောကနဲ့ပတ်သက်တဲ့ ဇာတ်လမ်းပုံစံနဲ့ ကွဲထွက်နေတယ်လို့ထင်ပါတယ်။

ဇာတ်ကလေးကကောင်းပေမယ့် ကြောက်စရာမကောင်းဘူး။ အပြိုးတွေ မာနတွေနဲ့ ကလဲ့စားချေကြတာကိုပဲ ဖတ်ရပါတယ်။ အမြုတေဟာ မြေခွေးနက္ခတ်နဲ့ယှဉ်မွေးလို့ မြေခွေး စိတ်ဝင်နေတယ်။ ပရိတ်ကြိုးလည်ပင်းဆွဲပေးလိုက်တော့ ငြိမ်သွားတယ်။

ကလေးဘဝက ခွေးတွေနဲ့သတ်ပုတ်ဆော့ကစားတတ်ပြီး ခွေးတစ်ကောင်ထက် ပိုအားရှိတယ်။ ခွေးတွေကိုလည်း ပြန်ကိုက်သတ်နိုင်တယ်ဆိုတာ ဆရာရေးတာလွန်နေမလား။

ပြီးတော့ အမြုတေရဲ့ အဖြည့်ခံတိမ်မာန်ဆိုတဲ့ကောင်လေး ...

တိမ်မာန်က အမြုတေအတွက် အရာရာအနစ်နာခံခဲ့တယ်ဆိုတော့ အရမ်းပျော့ညံ့ နေလား။

စာအရေးအသားကောင်း ဇာတ်ကွက်ဆင်ပုံကောင်းပေမယ့် ဦးစားပေးလွန်းတဲ့ ဇာတ်ကောင်က ထိပ်ဆုံးရောက်နေသလို သူ့နဲ့အပြိုင်ဇာတ်ကောင်က အောက်ဆုံးရောက်နေ တယ်။

ဖတ်ကောင်းတဲ့ ဝတ္ထုလေးဖြစ်ပေမယ့် ဖြစ်နိုင်တာထက် ကျော်လွန်ပြီး စာရေးတဲ့ အတတ်ကို ကျွမ်းကျင်သူပီပီလိုသလိုရေးပြီး ဇာတ်သိမ်းလိုက်တဲ့ ဆရာအတ္တကကြီးလွန်းပါ တယ် ...

ဆရာစာအုပ်တွေ နောက်လည်းဖတ်ချင်ပါတယ်။ ပရိသတ်ဖတ်ကောင်းအောင် အတွေ့နဲ့ အကြိုက်ခြားမှုရှုရေးပါလို့ ...

ခင်နိုင်ဦး

မ/ဒဂုံ

(၅၀)

www.burmeseclassic.com

www.burmeseclassic.com



သို့

## မိုးသူည

ကျွန်တော်က ဂျွန်ရ ပရလောကနဲ့ပတ်သက်ရင် အရမ်းကိုစိတ်ဝင်စားသူတစ်ယောက်ပါ။ ကိုယ်တိုင်လည်း ဂျွန်ရနဲ့သက်ဆိုင်တဲ့နေရာတွေ ပစ္စည်းတွေဆို အရမ်းကိုသိချင်သွားချင်တာလေ။

ဆရာက ဖွားလောက်ကြီး ကလောင်ခွဲဆိုတော့ ဖွားလောက်ကြီးရေးဟန်တွေ ဆရာ စာအုပ်မှာ လွှမ်းချုံနေပေမယ့် ကွဲပြားအောင် ဇာတ်လမ်းကို တစ်လမ်းဆီရေးနိုင်တာ ချီးကျူးပါတယ်။

ဖွားလောက်ကြီး ဇာတ်လမ်းတွေက ရိုးရှင်းပြီး ထိတ်လန့်စရာတွေကို သနားစရာ ရသနဲ့ပေါင်းစပ်ပြီးရေးတော့ ပရိသတ်ပိုကြိုက်တယ် ထင်ပါတယ်။

မိုးသူညကတော့ စာရေးဆရာက သူ့အတွက် ဦးစားပေးရေးတယ်ထင်ပါတယ်။

ဇာတ်လမ်းတွေဆန်းကြယ်ပြီး အထူးအဆန်းတွေဖတ်ရတာတော့ ကျေးဇူးတင်ရမှာပါ။

ဆရာ ဝေဖန်စေချင်တဲ့ မရဏသေမင်း၏ တမန်တော်စာအုပ်ကို ကျွန်တော် အပြန်ပြန်ဖတ်ပြီး ဝေဖန်စာရေးလိုက်ပါတယ်ဆရာ … ဆရာ ဇာတ်လမ်းမှာ အဓိက ဇာတ်ကောင် အမြူတေဟာ မြွေခွေးနက္ခတ်နဲ့ ယှဉ်မွေးခဲ့တယ်လို့ ဆရာရေးထားသလို နောက်ပိုင်း ဇာတ်လမ်းမှာတော့ အတိတ်ဘဝက အကျိုးဆက်လိုလိုရေးထားတော့ ဘာကိုနားလည်ရမလဲ ဆရာ …

အတိတ်ဘဝ ရန်ငြိုးတွေ အကျိုးဆက်တွေကို ဒုတ္တာရိုဆန်ဆန်သိခဲ့ဖူးတာရှိပါတယ်။

ဆရာ့အယူအဆတွေက ရဲတင်းလွန်းပါတယ်။ အတိတ်ဘဝက မကျေနပ်မှုတွေကို အခုဘဝမှာ တွေ့တာနဲ့ တစ်ယောက်နဲ့တစ်ယောက် အပြတ်ရှင်းတော့တာပါပဲ။ မိခင်နို့ကို နာကျင်အောင် ကလေးတွေကိုက်ဖတ်ကြပါတယ်။ ဆရာ ဇာတ်ကောင်အမြူတေက ပြတ်လုမတတ်ကိုက်တာ မြွေခွေးနက္ခတ်နဲ့ယှဉ်မွေးခဲ့လို့လား …

ဒါမှမဟုတ် မြွေခွေးတစ်ကောင်ဖြစ်နေလို့လား ဆရာနောက်တစ်ခုက အမြူတေရဲ့ အပြုအမူတွေကလည်း လူစစ်စစ်တစ်ယောက်က မြွေခွေးတစ်ကောင်ရဲ့ပုံမျိုးဖြစ်နေတာ အရမ်း အံ့သြစရာကောင်းပါတယ် …

ဆရာ့အတွေးတွေ အိုက်တာဖြစ်နေပါပြီ။ ဇာတ်လမ်းကောင်းကောင်းလေးတွေရေးတတ်တဲ့ဆရာ သူညတစ်ယောက် သဘာဝလွန်ဖြစ်ရပ်တွေကို လိုသလိုခွဲယူရေးထားတာ ဆရာ့ရဲ့ သိက္ခာကို ကျွန်တော်နမြောမိပါတယ် … ဆရာဖန်တီးတာ ဆရာတာဝန်ယူထားတယ် ဆိုပေမယ့် …

ဆရာ့ရဲ့ပရိသတ်ကို အတွေးလွန်ခံစားမှုအလိုပ်တွေ ဘာလို့တိုးစေချင်တာလဲ ဆရာရယ် …

အမြူတေနဲ့ စိုက်ကြီးတို့နှစ်ယောက် နောက်ဆုံးအပြတ်ရှင်းကြတော့ နှစ်ယောက်လုံးသေသွားကြတာ ရင်နင့်စရာပါ။

www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် … နောင်ဘ၀တွေမှာ ဒီလိုပဲ ဖြစ်နေမလား ဆရာရေ … စာရေးကောင်း အတွေးကောင်းတဲ့ စာရေးဆရာ သူညရဲ့ ဇာတ်ကလေးတွေဆန်းပေမယ့် အတွေးတွေ နုယ်လွန်နေပါတယ်လို့ အပြုသဘောဝေဖန်လိုက်ပါတယ် …

*ကိုသက်မိုး*

*အောင်လံမြို့၊ ဈေးကြီး။*

## ပါဝင်သောအခန်းများ


| | | |
|---|---|---|
| အခန်း | ၁။ | အလောင်းနှင့်အခေါင်း |
| အခန်း | ၂။ | အခန်းထဲကတစ္ဆေ |
| အခန်း | ၃။ | သချိုင်းထဲကပုံရိပ် |
| အခန်း | ၄။ | အမှုမရတဲ့ရှေ့နေ |
| အခန်း | ၅။ | အိမ်မဲကြီးရဲ့ည |
| အခန်း | ၆။ | အော်သံကြီး |
| အခန်း | ၇။ | တလျှာရှူးတဲ့လူ |
| အခန်း | ၈။ | အလိုမကျတဲ့သူ |
| အခန်း | ၉။ | သက်သေခံအိတ် |
| အခန်း | ၁၀။ | အချုပ်ထဲက တရားခံ |
| အခန်း | ၁၁။ | စီရင်ချက်ချမည့်နေ့ |


www.burmeseclassic.com

www.burmeseclassic.com




အခန်း ၁၂။ ကွဲစောင့်ကြီး

အခန်း ၁၃။ လမ်းကလူသစ်

အခန်း ၁၄။ ဘဝဟောင်းကမိတ်ဆွေ

အခန်း ၁၅။ သမီးလေးနဲ့တွေ့တဲ့ည

အခန်း ၁၆။ ပြန်ဆုံသည့် သူ

နိဂုံး


ဤဇာတ်လမ်းပါ အကြောင်းအရာများသည် အမှန်တကယ်ဖြစ်ခဲ့သောပါဟု ကျွန်မပြောသော်လည်း ဘယ်သူမှယုံကြည်ခြင်းမရှိကြ ...

ထို့ကြောင့် ...

(တိမ်ဝင့်ထယ်)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

## အလောင်းနှင့်အခေါင်း

တိတ်ဆိတ်မှုပေါင်းများစွာနှင့် ငြိမ်းချမ်းစွာလဲလျောင်းနေသည့် ခုတင်ပေါ်ကအလောင်းကိုကြည့်ရင်း ဆို့နင့်ကြေကွဲလို့နေသည်။

အလောင်းကတော့ မလှုပ်မယှက်နေနေပေမယ့် ရဲရင့်ရင်ထဲမှာတော့ ကြေကွဲစွာရူးနစ်လို့နေသည်။

"ရဲရင့် ကိုယ့်စိတ်ကို ကိုယ်ထိန်းပါကွာ၊ ငိုချင်လည်းငိုလိုက်လေ"

ကျော်ဇင်က သူ့ပခုံးကိုလက်နှင့်အသာကိုင်ကာ နှစ်သိမ့်လို့နေသည်။

ဇနီးသည်ရဲ့အလောင်းပေါ်မှာ ပြန့်ကျဲနေသည့် နှင်းဆီပွင့်ဖတ်များမှာ တစ်ကိုယ်လုံးကိုဖုံးလွှမ်းလို့ထားသည်။

"ကံတရားအတိုင်းပဲလို့သဘောထားပါ ရဲရင့်ရယ်၊ မင်းမှာ သမီးလေး ရှိသေးတယ်လေ"

ရဲရင့်ခေါင်းကိုဆတ်ခနဲရွှေ့လိုက်ရာ အခန်းထောင့်မှာတစ်နှစ်အရွယ်ကလေးကိုတစ်ယောက်ကိုချီထားသည့် ကြီးကြီးတင်ဆီ အကြည့်ရောက်သွားသည်။

ကြီးကြီးတင်လက်ထဲက သမီးလေးက သူ့ကိုကြည့်၍လှမ်းရယ်ပြသည်။





ရင်ထဲနင့်သွားပြီး ထိုင်ရမှထကာကြီးကြီးတင်ရှေ့သို့လျှောက်လာ၏။

"သမီးလေး"

တုန်နေသောအသံဖြင့် သမီးလေးကို ကြီးကြီးတင်လက်ထဲက ခေါ်ကာချီထားလိုက်သည်။

သမီးလေးကတော့ ဘာမှမသိရှာ။ သူ့လက်ထဲမှာ မြူးတူးလို့နေ၏။ လူ့လောကကိုရောက်တာဘာမှမကြာသေး လူရယ်ဆိုတာ မသိတတ်သေးခင်မှာ မိခင်ကမရှိတော့လေပြီ။

သမီးလေးက မိခင်အလောင်းကိုမြင်တော့ ခုတင်ပေါ် အတင်းတက်ဖို့ ကြိုးစားသည်။ ရဲရင့်ကချော့မော့၍ ...

"သမီးလေး မေမေ့ဆီမသွားရဘူးလေ"

"ဝါး"

သမီးလေးက သူ့အလိုကျမလုပ်ရလို့လားမသိ အားရပါးရငိုလေသည်။

"သား ... ရဲရင့် ကလေးကိုကြီးကြီးတင်ကိုပေး"

"နေပါစေ ကြီးကြီးတင် သမီးလေးက သူ့အမေကိုနောက်ဆုံးမြင်ခွင့်ရတော့မှာမှမဟုတ်တာ"

ရဲရင့်ကပြောတော့ ကျော်ဇင်ကထလာပြီး ...

"မဟုတ်သေးဘူး ရဲရင့် ... ကလေးဆိုတာ ဘာမှနားလည်တာမဟုတ်ဘူး ကြီးကြီးတင်ကိုပေးလိုက်ပါ"

"ဟင်း"

ရဲရင့်ကသက်ပြင်းကိုချကာ လက်ထဲကကလေးကိုကြီးကြီးတင်အား ပေးလိုက်သည်။

"ကျော်ဇင်ရယ် ငါတို့အဖြစ်က ကံဆိုးပါတယ်ကွာ၊ သဒ္ဒါအခုလို ရုတ်တရက် သေသွားလိမ့်မယ်လို့ ငါမထင်ခဲ့ဘူး"

"ရဲရင့် _ ဘယ်သူက ကံဆိုးမှုတွေကို လက်ခံချင်မှာလဲ၊ ငါလည်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းပါဘူး၊ အကောင်းဆုံးကတော့ ရှေ့ဆက်မယ့် ဘဝတွေအတွက် အကောင်းဆုံးပြင်ဆင်ဖို့ပါပဲကွာ''

ကျော်ဇင်နှစ်သိမ့်စကားဆိုလေသည်။ ဒီအိမ်ကြီးမှာ ကြီးကြီးတင်ရယ် သူ့ရယ် အိမ်အလုပ်သမားတွေရယ်နေလာခဲ့ကြပြီး ပိုင်ကျူးရွာကနေသူ့ခြံထဲမှာ ခြံအလုပ်သမားအဖြစ်လာရောက်လုပ်ကိုင်သည့် သဒ္ဒါဖြူနှင့်ချစ်ကြိုက်ပြီးလက်ထပ်ခဲ့ကြသည်။

သဒ္ဒါဖြူမှာ ညီအစ်ကိုမောင်နှမအရင်းအချာဟူ၍မရှိဘဲ မိခင်မုဆိုးမကြီးသာရှိသည်။

သဒ္ဒါဖြူနှင့်ရဲရင့်တို့လက်ထပ်ပြီး သိပ်မကြာခင်မှာပဲ သဒ္ဒါဖြူ၏မိခင်ဆုံးပါးသွားလေ၏။ သဒ္ဒါဖြူမှာ ယောက်ျားကိုအလွန်ချစ်သလို ရဲရင့်ကိုငယ်စဉ်ကတည်းက ထိန်းသိမ်းစောင့်ရှောက်ခဲ့သော ကြီးကြီးတင်ကိုလည်းလေးစားရိုသေသည်။

''ဆရာ ... ဆရာကတော်အတွက် ခေါင်းလာပို့တာ''

''ဟင်''

အိမ်အလုပ်သမားတစ်ဦးရဲ့အသံကြောင့် အတွေးလွန်နေသည့်ရဲရင့်သတိဝင်လာသည်။

''အခေါင်းလာပို့တယ်''

ပါးစပ်ကတစ်လုံးချင်းရေရွတ်လိုက်ပြီး အိမ်အဝသို့အကြည့်ရောက်သွားသည်။

အနက်ရောင်အခေါင်းကြီး ...

လူလေးယောက်က မလျက် အိမ်ထဲဝင်လာကြ၏။

အခေါင်းဘေးမှာရေးထားသည့် စာကိုအလျင်အမြန်ဖတ်လိုက်သည်။

**''သဒ္ဒါဖြူ အသက် (၂၁) နှစ်''**

''ဟင်''

ရင်ထဲစို့တက်ကာသွားသည်။





''အလောင်းဘေးနားမှာချထားလိုက်''

ကျော်ဇင်က အလောင်းသယ်လာသူတွေကိုလှမ်းပြောလိုက်ရာ သဒ္ဒါဖြူ၏အလောင်းတင်ထားသည့် ခုတင်ဘေးပေါ်၌ပင်အလောင်းနှင့်ယှဉ်လျက် ခေါင်းအနက်ကြီးကို တင်ထားလိုက်ကြသည်။

''အလောင်းကို အုတ်ဂူသွင်းမှာမလား၊ ကျွန်တော်ပြင်ဆင်ထားလိုက်ပါ့မယ်''

''လိုတာကြည့်လုပ်ထားလိုက်ပါ ကျသလောက်ရှင်းပေးပါ့မယ်''

သချိုင်းက အခေါင်းလာပို့သူနှင့်ကျော်ဇင်တို့အပြန်အလှန်ပြောဆိုနေတာကို ရဲရင့်နားထဲတွင် မကြားချက် ကြားတစ်ချက်ဖြစ်နေသည်။

ကျော်ဇင်က သူ့အချစ်ဆုံးသူငယ်ချင်းလည်းဖြစ်သလို လုပ်ငန်းအားလုံး၏ မန်နေဂျာလည်းဖြစ်၏။ အစစအရာရာစိတ်ချရသလို သူ့အတွက်အဖော်ကောင်းတစ်ယောက်လည်းဖြစ်၏။

''ကျော်ဇင် သဒ္ဒါ ငါတို့ဆီဘယ်တော့မှပြန်လာမှာ မဟုတ်ဘူးပေါ့နော်''

''သူငယ်ချင်းရယ် ... ''

ကျော်ဇင်မှာဖြေသိမ့်စရာ စကားမရှိတော့ သဒ္ဒါဖြူနှင့်အတူယှဉ်တွဲကာရှိနေသည့် ခေါင်းနက်ကြီးကိုသာ ရင်ထဲမကောင်းစွာကြည့်နေမိတော့သည်။

♦♦ ♦♦



www.burmeseclassic.com

www.burmeseclassic.com

သမီးလေးကို နို့တိုက်ချင်လို့ပါဆိုပြီး
ရောက်လာသည့် ညက

## အခန်း (၂)

## အခန်းထဲက တစ္ဆေ

"ကို ... ထပါဦး"

"ဟင်"

ရုတ်တရက် အတင်းလှုပ်နှိုးတဲ့အသံကြောင့် ရဲရင့်တစ်ယောက်လန့်နိုးကာ ကြည့်လိုက်သည်။

"သ ... သဒ္ဒါ ... "

ရဲရင့် သူ့မျက်လုံးကိုတောင် သူမယုံနိုင် ... သဒ္ဒါဖြူက အင်္ကျီအဖြူရောင်ဘလောက်နှင့်ဘောင်းဘီပွပွကိုဝတ်ထားကာ ရှည်လျားလှသည့်ဆံပင်တို့ကို ဖြန့်ချထားသည်။

"ကို ... သမီးလေး ဘယ်မှာလဲ"

"သ ... သဒ္ဒါ ဘာ ဘာလုပ်မလို့လဲ"

ရဲရင့်ရဲ့အသံကတုန်လို့နေသည်။ အခန်းထဲတွင်ညအိပ်မီးအလင်းရောင်မှာ ပြာလဲ့လဲ့ ... သဒ္ဒါဖြူက ရဲရင့်အိပ်နေသည့်အိပ်ရာဘေးတွင် ဝင်ထိုင်လိုက်သည်။

ရဲရင့်၏နှာခေါင်းထဲတွင် အနံ့အသက်တစ်မျိုးဝင်လို့လာသည်။ သဒ္ဒါဖြူ



www.burmeseclassic.com

www.burmeseclassic.com



က တစ်ချက်ပြုံးလိုက်ပြီး ...

"ဘာလဲကို ... ကိုက ကိုယ့်မိန်းမကိုရှုံ့တာလား"

"မ ... မဟုတ်ပါဘူး"

ရဲရင့်ကထထိုင်မည်လုပ်ရင်းပြောလိုက်သည်။ ထူးခြားတာက ရဲရင့်ရင်ဘတ်တစ်ခုလုံးတင်းနေသလို ခန္ဓာကိုယ်တစ်ခုလုံးကို တစ်စုံတစ်ယောက်က ချုပ်ကိုင်ထားသည်ဟုထင်ရသည်။

"ကို ... သဒ္ဒါ သမီးလေးကိုနှုတ်ဆက်ချင်တယ်၊ သမီးလေးနှီဆာတော့မှာ"

"ဟင်"

ညှိုးငယ်စွာနှင့်ပြောသည့် သဒ္ဒါဖြူကို ရဲရင့်တအံ့တသြ ကြည့်လိုက်သည်။

"ကို ... ဘာဖြစ်နေတာလဲ သမီးလေးဘယ်မှာလဲ သွားခေါ်ပေးပါ"

ရဲရင့်အလျင်အမြန် စဉ်းစားလိုက်သည်။ သမီးလေးက ဘုရားခန်းကပ်လျက်အခန်းမှာ ကြီးကြီးတင်နှင့်အတူအိပ်သည်။

"သမီးလေးက ကြီးကြီးတင်နဲ့အတူတူအိပ်တာ"

"ဟင် ... အပေါ်ထပ် ဘုရားခန်းနားမှာပေါ့"

"ဟုတ်တယ်လေ ... "

သဒ္ဒါဖြူ၏မျက်နှာမှာ အိုလို့သွားသည်။ ခေါင်းကိုအောက်သို့စိုက်၍ ညှိုးငယ်စွာနေလေ၏။

ထိုစဉ် ...

"ဝါး ... "

"ဟင်"

သမီးလေး၏ ငိုသံကစူးရှစွာထွက်ပေါ်လို့လာသည်။

"ကို ... သမီးလေးကိုသွားခေါ်ပါ သမီးလေးငိုနေပြန်ပြီ"





"သ ... သဒ္ဒါ"

သဒ္ဒါဖြူက ခုတင်ပေါ်ထိုင်နေရာမှ အောက်သို့ဆင်းကာ ဆောက်တည်ရာမရဖြစ်နေသည်။

"သဒ္ဒါသွားလို့မရလို့ပါ သမီးလေးကိုသွားခေါ်ပါနော် ... သဒ္ဒါတောင်းပန်ပါတယ်"

"ဝါး ... "

သဒ္ဒါဖြူကငိုသံပါကြီးနှင့်ပြောနေသလို သမီးလေး၏ငိုသံကလည်းဆူညံလို့နေသည်။

ရဲရင့်က အိပ်ရာပေါ်မှထဖို့ကြိုးစားသော်လည်း ခန္ဓာကိုယ်ကလှုပ်မရအောင်ဖြစ်နေသည်။

"အု ... ဝူး ... "

"ဟင် ... "

ခြေရှုံ့မှရုတ်တရက်ထွက်ပေါ်လာသည့် ခွေးအူသံကြောင့် သဒ္ဒါဖြူမျက်နှာပျက်သွားသည်။

"ကိုရယ် သဒ္ဒါ သမီးလေးကိုနှုတ်ဆက်ချင်လွန်းလို့ပြန်လာတာပါ"

"အု ... ဝူး"

သဒ္ဒါဖြူစကားသံနှင့်အတူ ခွေးအူသံတို့က ဝူးဝါးစွာနီးကပ်လို့လာသည်ဟုထင်ရသည်။

"ကို သဒ္ဒါသွားတော့မယ်"

"ဟင် ... သဒ္ဒါကဘယ်ကိုသွားမှာလဲ"

ရဲရင့်ကနားမလည်သလိုမေးရာ သဒ္ဒါဖြူပြတင်းပေါက်ဆီသို့သက်ညှိုးထိုးပြပြီး ...

"သ ... သဒ္ဒါသွားရတော့မယ် သမီးလေးနဲ့ကိုကိုသတိရလွန်းလို့လာတာ"

"အု ... ဝူး ... "



www.burmeseclassic.com

www.burmeseclassic.com



ခွေးအူသံက ခြေရင်းပြတင်းပေါက်မှကျယ်လောင်စွာထွက်ပေါ်လာပြီး သဒ္ဒါပြုရုတ်တရက်ပျောက်သွားသည်။

"သ ... သဒ္ဒါ"

"သဒ္ဒါ"

ရဲရင့်၏အသံက အလွန်ကျယ်လောင်စွာထွက်ပေါ်လာသလို အာခေါင်တစ်ခုလုံးလည်း ခြောက်ကပ်ကာသွားသည်။ ခေါ်ရင်း ခေါ်ရင်းမောဟိုက်ကာသွား၏။

လူတစ်ကိုယ်လုံးလည်း မောဟိုက်လွန်းသဖြင့် သတိလစ်သွား၍လေတော့သည်။

♦♦ ♦♦



"ရဲရင့် ... ရဲရင့် ... "

"မောင်ရဲရင့် မောင်ရဲရင့်"

ရဲရင့်၏အာခေါင်တစ်ခုလုံးခြောက်ကပ်လို့လာသလို သူ့ဘေးကခေါ်နေသောအသံများကြောင့် မျက်လုံးကိုအသာဖွင့်၍ကြည့်လိုက်သည်။

"ဟင်"

သူ့ဘေးတွင် စိုးရိမ်တကြီးကြည့်နေသော အဘဦးခမ်းနိုင် ကျော်ဇင်နှင့်အိမ်အလုပ်သမားတချို့ကိုတွေ့လိုက်ရ၏။

ဦးခမ်းနိုင်က ...

"လူလေး သဒ္ဒါနာမည်ကိုအကျယ်ကြီးအော်ခေါ်နေလို့ ... "

"ဟင်"

ရဲရင့်ခေါင်းထဲတွင် အလျင်အမြန်စဉ်းစားလိုက်သည်။ ပုံရိပ်တို့တစ်ခုပြီး တစ်ခုဆိုသလို ပေါ်လို့လာလေ၏။

"ဟုတ်တယ် ... ရဲရင့် မင်းအသံက အကျယ်ကြီးမင်းဘာတွေဖြစ်နေတာလဲ"

ကျော်ဇင်ကဝင်၍ ပြောလေ၏။

"သ ... သဒ္ဒါ ခုနကဒီအခန်းထဲရောက်လာတယ် ပြီးတော့ ... "



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်ထထိုင်ပြီးပြောရင်း သူ့အခန်းထဲကို မျက်လုံးဝေ့ကြည့်လိုက်သည်။

သူ့တစ်ကိုယ်လုံးလည်း ချွေးများရွှဲနစ်လို့နေ၏။

"ရဲရင့် မင်း အိပ်မက်မက်နေတာနေမှာပေါ့ကွာ"

"မဟုတ်ဘူး ကျော်ဖင် ... ငါအိပ်မက် မက်နေတာမဟုတ်ဘူး။ ငါ့ဆီကို သဒ္ဒါတကယ်လာတာ"

"ဟင် ... "

ဦးခမ်းနိုင်၏သက်ပြင်းသံကြီးက ကျယ်လောင်စွာ ထွက်ပေါ်လို့လာသည်။

"လူလေး စိတ်ကိုငြိမ်ငြိမ်ထားစမ်းပါ။ သဒ္ဒါ ဘဝတစ်ခုကိုရောက်နေပြီလေ"

"အဘ ... သဒ္ဒါသမီးလေးကိုနှိုတိုက်ချင်လို့လာတာတဲ့၊ ခုနက သမီးလေးအရမ်းငိုနေတယ်မလား"

"ဟင်"

ဦးခမ်းနိုင်နှင့်ကျော်ဖင်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

စောစောက ကလေးရှူးရှူးဝါးဝါးငိုသံကို သူတို့ကြားလိုက်ရသည်လေ။

"ကျွန်တော် တကယ်ပြောတာ ခွေးအူသံတွေကြားရပြီးမှ သဒ္ဒါ ပျောက်သွားတာလေ ... "

"ခွေးအူသံ ဟုတ်လားလူလေး"

"ဟုတ်တယ်လေ အဘတို့မကြားကြဘူးလား"

ဦးခမ်းနိုင်နှင့်ကျော်ဖင်က နှုတ်ဆိတ်ကာနေသည်။ ခွေးအူသံကိုသူတို့ ကြားခဲ့ရသည်မဟုတ်လား။

"အဲဒီ့ခွေးအူသံက သဒ္ဒါကိုလာခေါ်နေတာ၊ သဒ္ဒါ ကျွန်တော်တို့ဆီ





လာတာ ကျွန်တော့်ကိုကလေးအတင်းသွားခေါ်ခိုင်းတာ သူ ကလေးဆီဘာလို့မသွားတာလဲ"

ရဲရင့်ကပြော၍ စိတ်မကောင်းစွာခုတင်ပေါ်ပြန်လှဲ၍နေလိုက်သည်။

ကျော်ဇင်က ...

"ရဲရင့်အိပ်ပျော်အောင်အိပ်လိုက်ကွာ မင်းအရမ်းပင်ပန်းနေပြီ"

ပြော၍ ဦးခမ်းနိုင်တို့နှင့်အတူ အခန်းထဲမှထွက်၍လာသည်။

ရဲရင့်မျက်လုံးထဲမှာတော့ သဒ္ဒါဖြူ၏ပုံရိပ်တို့ကိုသာမြင်ယောင်၍လာလေတော့သည်။

◆◆ ◆◆



www.burmeseclassic.com

www.burmeseclassic.com

သချိုင်းထဲရောက်လာပြီး
အုတ်ဂူရှေ့လာနှုတ်ဆက်တော့
မချောလင်ဘ ကြားလိုက်ရသည့်အသံက ...

## အခန်း (၃)

## သချိုင်းထဲကပုံရိပ်

တောင်ကုန်းမို့မို့လေးပေါ်ရှိ လက်ပံပင်ကြီးရဲ့အောက်မှာတော့ အုတ်ဂူဖြူဖြူလေးတစ်လုံး အေးချမ်းစွာရှိနေလေသည်။

ထိုအုတ်ဂူလေးပေါ်သို့ နှင်းဆီပန်းတစ်စီးကိုတင်လိုက်ပြီး ...

"ကို ... သဒ္ဒါကိုနှုတ်ဆက်ပါတယ် သဒ္ဒါရယ်၊ သဒ္ဒါဝေးရာဆီကို ကိုယ်သွားတော့မယ်"

အုတ်ဂူလေးကို ရီဝေစွာကြည့်၍ ရဲရင့်ကပြောလိုက်၏။

"ကိုယ် ဒီမှာဆက်နေရင် သဒ္ဒါကိုသတိရစိတ်နဲ့ရူးမှာပဲကွယ်၊ ကိုယ် ရန်ကုန်ကိုသွားမယ် ဟိုမှာစီးပွားရှာပြီး သမီးလေးဘဝ အခုထက်မြင့်မားအောင် လုပ်ပေးပါ့မယ် သဒ္ဒါကိုယ့်ကိုသွားခွင့်ပြုပါနော်"

"ရှဲ ... "

ရဲရင့်၏စကားဆုံးတော့ လေတစ်ချက်အဝေ့တွင် သစ်ရွက်ခြောက်တို့ သွင့်စဉ်ကာထွက်လို့သွားသည်။

"ကိုယ်သဒ္ဒါမရှိတဲ့အရပ်မှာမနေချင်ပါဘူး၊ သဒ္ဒါရယ် သမီးလေးကို ကြီးမေကတာဝန်ယူနိုင်ပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဟိုမှာ စီးပွားရှာပြီးရင် ကိုယ် သဒ္ဒါ့ဆီကိုပြန်လာမယ်နော်''

ရဲရင့် အုတ်ဂူကိုရီဝေစွာကြည့်၍ ကျောခိုင်းကာ လှည့်ထွက်လိုက်သည်။

လေးလံသောခြေလှမ်းတို့ဖြင့် လျှောက်လာရင်း စိတ်ထဲတွင်တစ်မျိုး ခံစားရသဖြင့် လှည့်ကြည့်လိုက်ရာ ...

''ဟင်''

အုတ်ဂူပေါ်တွင် ခြေထောက်တွဲလောင်းချကာထိုင်နေသည့် သဒ္ဒါကို တွေ့လိုက်ရသည်။

''သ ... သဒ္ဒါ''

နှုတ်ကလွှတ်ခနဲလှမ်းအော်လိုက်ရင်း အုတ်ဂူဆီသို့ခြေလှမ်းရှန်ပြင်လိုက်ရာ ...

''မောင်ရင် ဘာတွေဖြစ်နေတာလဲ''

''ဟင်''

အသံလာရာသို့လှည့်ကြည့်လိုက်ရာ အရပ်ပုပုထိပ်ပြောင်ပြောင် ဂျိုကာရုပ်လိုလူတစ်ယောက် ...

ဒူးခေါင်းကျော်သည်အထိ ရှည်လျားသည့်ကုတ်အင်္ကျီကိုဝတ်ကာထားပြီး ပြောင်စပ်စပ်အမူအရာဖြင့် ...

''ကျုပ်သင်္ချိုင်းထဲကတစ္ဆေကို မောင်ရင် စိတ်အနှောင့်အယှက်လာပေးနေတာလား''

''ဗျာ ... ''

''မဗျာနဲ့ မောင်ရင် ကျုပ်ကကျုပ်အပိုင်ကို စောင့်ရှောက်ရမယ့်တာဝန်ရှိတယ်''

ရဲရင့် အံ့သြစွာကြည့်လိုက်သည်။ လူပုံစံကစုတ်ပြတ်နေပေမယ့် စကားပြောရာမှာတော့ တည်တည်ငြိမ်ငြိမ်ရှိလှသည်။

''ကျွန်တော် အမျိုးသမီးအုတ်ဂူဆီလာတာပါ''





''လာတာတော့ လာလို့ရပါတယ်၊ ဒါပေမယ့် စိတ်အနှောင့်အယှက်တော့ မပေးနဲ့ သူတို့က ဝမ်းနည်းစရာရှိရင်အရမ်းဝမ်းနည်းတတ်တယ်''

လက်ကို ခါးမှာထောက်လျက် ခပ်တည်တည်နှင့်ပြောနေသော ထိပ်ပြောင်နှင့်လူအား ရဲရင့်ကခပ်စူးစူးကြည့်၍ ...

''ခင်ဗျားက ဘာလဲ''

''ကျုပ်က ဒီသင်္ချိုင်းရဲ့သုဘရာဇာပဲ မစွတာဆိုင်မွန်ကိုဆို တစ်မြို့လုံး သိတယ်''

''ဟင်''

ဆိုင်မွန်ဆိုသည့်နာမည်ကြောင့် ရဲရင့်အံ့သြလို့သွားသည်။ ဒီသင်္ချိုင်းရဲ့ သုဘရာဇာတစ်ယောက်ဖြစ်သလို ဦးနှောက်ကျပ်မပြည့်သူတစ်ယောက်ဖြစ်သည် ဟု ရဲရင့်သိထားသည်။

''ကျုပ်က တစ်မြို့လုံးကလူတွေကို သင်္ဂြိုဟ်ဖို့လူဖြစ်လာတာ ဘယ်လိုပုံစံနဲ့ သင်္ဂြိုဟ်ချင်လဲပြော အကုန်ရတယ်''

''နေပါစေဗျာ ... ကျုပ်သွားတော့မယ်''

ရဲရင့်က သဒ္ဒါဖြူအုတ်ဂူပေါ်ကိုလှမ်းကြည့်လိုက်ရာ အုတ်ဂူပေါ်တွင် ထိုင်နေသော သဒ္ဒါဖြူအရိပ်ကိုတွေ့ရခြင်းမရှိတော့ ...

သုဘရာဇာ ဆိုင်မွန်ရှေ့က ကျောခိုင်းကာထွက်လာပြီး ခပ်လှမ်းလှမ်း ရောက်လာသောအခါ ...

''ဟေ့လူ ခင်ဗျား ကျုပ်သင်္ချိုင်းကိုရောက်လာရင် ကျုပ်ကောင်းကောင်း သင်္ဂြိုဟ်ပေးမယ်သိလား''

နောက်ကလှမ်းအော်သည့်အသံကြားပေမယ့် ရဲရင့်လှည့်မကြည့်တော့ဘဲ တောင်ကုန်းလေးအတိုင်းသာဆင်း၍လာခဲ့လေတော့သည်။

♦♦ ♦♦



www.burmeseclassic.com

www.burmeseclassic.com

"မင်းရန်ကုန်မှာ အလုပ်သွားလုပ်တာကောင်းတယ် ရဲရင့်၊ ဒီမှာဆို မင်းစိတ်တွေလေနေတာနဲ့ ကြာရင်အခြေအနေတောင်စိုးရိမ်ရတယ်"

ရဲရင့်က ဧည့်ခန်းထိုင်ခုံတွင် သမီးလေး ရေသီကိုချီထားရင်းမှ ...

"ဘာအခြေအနေလဲ"

ကျော်ဇင်အား ပြန်မေးလိုက်သည်။

ကြီးမေကဝင်၍ ...

"သားက ... သဒ္ဒါကိုစွဲလမ်းတဲ့စိတ်နဲ့စိတ်တွေရှုပ်နေတယ်မလား၊ အဝေးမှာအလုပ်သွားလုပ်တော့ အချိန်ကြာလာတာနဲ့စိတ်သက်သာရာရလာမယ်လေ"

"အင်း ... "

ရဲရင့်ကသက်ပြင်းကိုချရင်း သူ့သမီးလေးရေသီကို အားရပါးရနမ်းလိုက်သည်။

"သမီးလေးကိုစိတ်ချပါသားရယ် မိထွေးတို့ဒေါ်ရင်ကြည်တို့လည်းရှိတာပဲ၊ သားသာဟိုမှာအဆင်ပြေအောင်အလုပ်လုပ်"

ကြီးမေကပြောသလို ကျော်ဇင်ကလည်း ...

"ဒီခြံအလုပ်တွေအတွက်တော့ စိတ်ချသူငယ်ချင်း၊ သမီးလေးကိုလည်း





ငါကြည့်ထားပါ့မယ် အဓိက,က မင်းစိတ်တွေတည်ငြိမ်အေးချမ်းဖို့ပဲမလား"

ပြောတော့ ရဲရင့်က ...

"အေးပါ ... ငါနားလည်ပါတယ်၊ ငါဟိုမှာအလုပ်အထိုင်ကျရင် သမီးလေးရယ် ကြီးမေရယ်ကိုလာခေါ်မှာပါ ...

ငါ ဒီမှာ ဘယ်လိုမှမနေတတ်ဘူးကွာ၊ နေရာတိုင်းမှာသဒ္ဒါ့ပုံရိပ်တွေ မြင်နေတယ်"

"ငါတို့နားလည်တယ် ရဲရင့်၊ အားလုံးအတွက်စိတ်ချပါ"

"အေးပါကွာ ... ငါမင်းကိုအားကိုးပါတယ်"

ရဲရင့်ပြောတာကို ကျော်ဇင်ကလည်းကျေကျေနပ်နပ်ကို ခေါင်းညိတ်ပြလိုက်သည်။

ရဲရင့်ရန်ကုန်ကိုသွားမည့်ရက်ကလည်း တဖြည်းဖြည်း နီးလို့လာသည်။

ရန်ကုန်မှာ နေထိုင်ရန်အတွက် တိုက်တစ်လုံးနှင့် သွားရတာအဆင်ပြေစေရန် ကားတစ်စီးကို ရန်ကုန်ရှိ ရဲရင့်၏ မိတ်ဆွေတစ်ယောက်က အစစအရာရာ စီစဉ်ပေးသည်။

"ရဲရင့် ရန်ကုန်ရောက်ရင် အေးအေးဆေးဆေးအနားယူဦးကွာ အလုပ်ကိုနောက်မှလုပ်"

ကားထွက်ခါနီးကျော်ဇင်ကမှာတော့ ရဲရင့်က ...

"ဘာအလုပ်မှမလုပ်ဘဲနေရင်၊ ငါသဒ္ဒါကိုလွမ်းတာနဲ့သေလိမ့်မယ်၊ အလုပ်အတွက်လည်း စီစဉ်ပြီးပြီ"

"ဘာအလုပ်လဲ ရဲရင့်"

"ပွဲရုံအလုပ်လေ အဆင်ပြေမှာပါ"

"အေးလေ ... ကောင်းပါတယ်"

အဝေးပြေးကားကြီးက တဖြည်းဖြည်းထွက်လာတော့ ကျော်ဇင်တစ်ယောက် လက်ပြကာကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားကတဖြည်းဖြည်းထွက်လာရင်း သဒ္ဒါကိုမြှုပ်နှံထားသည့်သချိုင်းနား ရောက်သောအခါ တောင်ကုန်းပေါ်ကအုတ်ဂူဖြူဖြူလေးကိုလှမ်းကြည့်လိုက်ရာ . . .

"ဟင်"

အုတ်ဂူရဲ့ဘေးနားမှာ ပုံရိပ်တစ်ခု သူ့စီးလာသည့်ကားဆီသို့ လှမ်းကြည့်နေသည်။

"သဒ္ဒါများလား"

စိတ်ထဲကရေရွတ်လိုက်သလို ကားကလည်းသချိုင်းနှင့်တဖြည်းဖြည်း ဝေးလို့သွားရာ ပုံရိပ်ကလည်း ပျောက်ကွယ်လို့သွားတော့သည်။

♦♦ ♦♦



ဟိုခမ်းကြီးထဲကိုညဘက်သွားကြည့်ကြမယ် ...
သရဲအရမ်းခြောက်တယ်လို့
လူတွေက ပြောကြလို့ . . .

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

## ဘာမှမရတဲ့ရွှေ့နေ

'' နင်ခုထိ ဘာအလုပ်မှမလုပ်သေးဘူးလား ဝင့်ထယ်''

ဒက်ဒီရဲ့အသံကဟိန်းထွက်၍ပေါ်လို့လာသည်။ တိမ်ဝင့်ထယ်ကတော့ မဂ္ဂဇင်းစာအုပ်အဖတ်မပျက်ထိုင်ခုံပေါ်တွင်ထိုင်နေသည်။

ဒက်ဒီကစိတ်တိုစွာအနားသို့ရောက်လာပြီး ...

''ဟဲ့ ... ငါမေးနေတယ်လေ ... ''

''သမီးကဘာအလုပ် လုပ်ရမှာလဲ၊ ဒက်ဒီ ဒီလောက်ချမ်းသာတာ အေးအေးဆေးဆေးထိုင်စားမယ်လေ''

''ဘာ ... ''

ဒက်ဒီအသံကြောင့် တိမ်ဝင့်ထယ်ရဲ့ကိုယ်လေးဆတ်ခနဲတုန်လို့သွားသည်။

''ရှေ့နေဘွဲ့လည်းရပြီးပြီ နာမည်ကြီးရှေ့နေတစ်ယောက်နဲ့လည်း အလုပ်သင်လိုက်လုပ်ပြီးပြီ ... ပြီးတော့ ဘာမှလည်းဆက်မလုပ်ဘူး အိမ်မှာ အခန့်သင့်ထိုင်စားတယ်''





''ဒက်ဒီ သမီးကိုမကျွေးချင်တော့လို့လား။ ရတယ် ဒက်ဒီ ရတယ် မာမီသာရှိရင် သမီးဒီလိုဖြစ်မှာမဟုတ်ဘူး''

''ဟင်း''

ဒက်ဒီရဲ့ကျယ်လောင်သော သက်ပြင်းသံကြီးကို တိမ်ဝင့်ထယ်ကြား လိုက်ရသည်။

မာမီက တိမ်ဝင့်ထယ်ဆယ်တန်းနှစ်မှာပင် ဆီးချိုအလွန်တက်သည့် ရောဂါဖြင့်သေဆုံးသွားခဲ့သည်။ ဒက်ဒီက တစ်ဦးတည်းသောသမီး မိတဆိုးလေး တိမ်ဝင့်ထယ်အပေါ် အလွန်ချစ်မြတ်နိုး၍ အရွယ်ကောင်းသေးသော်လည်း နောက်အိမ်ထောင်မပြုခဲ့ ...

ပွဲရုံနှင့်ကုန်တင်ကားပေါင်းမြောက်မြားစွာ ပိုင်ဆိုင်သောဒက်ဒီက စီးပွား ရေးလောကတွင် နာမည်ကြီးသလောက် သမီးဖြစ်တဲ့ တိမ်ဝင့်ထယ်ကိုအလွန် တိုးတက်စေချင်သည်။

တိမ်ဝင့်ထယ်ကတော့ ကလေးစိတ်မကုန်သေး သွားလိုက်လာလိုက် စားလိုက်နှင့်အချိန်ကုန်နေသည်။ ဒက်ဒီက လေသံအေးအေးနှင့် ...

''သမီး လူဆိုတာ အလုပ်တစ်ခုရှိရတယ်၊ ကိုယ်လုပ်တဲ့အလုပ်တစ်ခု မှာ အောင်မြင်မှုရတာကိုဂုဏ်ယူရတယ်''

''သမီးက ငယ်သေးတာပဲ ဒက်ဒီ အလုပ်မလုပ်သေးလည်း ရတာပဲ မလား''

''မဟုတ်သေးဘူး သမီး။ ကိုယ်တက်ထားတဲ့ပညာနဲ့ ကိုယ်ရောက်မယ့် နယ်ပယ်မှာ ထင်ပေါ်အောင်လုပ်ရမယ် ဒါမှအကျိုးရှိမှာပေါ့''

ဒက်ဒီကပြောတော့ တိမ်ဝင့်ထယ်ကလည်း ခေါင်းကိုတဖျင်းဖျင်း မြည်အောင်ကုတ်လိုက်သည်။

''ကဲပါ သမီးရယ် စိတ်ညစ်မနေပါနဲ့၊ သမီးအလုပ်လုပ်ချင်လာတဲ့ တစ်နေ့ကျရင်ပြော ဒက်ဒီမြို့ထဲမှာအခန်းတစ်ခန်းစီစဉ်ပေးမယ်''

''ဘယ်သူမှ သမီးကိုရှေ့နေလာငှားမှာမဟုတ်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



''အဲလိုမပြောနဲ့လေသမီးရဲ့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိရတယ်၊ ကိုယ့်ကိုအမှုလိုက်ဖို့လာအပ်ရင် ကိုယ့်အမှုသည်ဘက်က အမှန်ကန်ဆုံးရပ်တည်ပေးဖို့လိုတယ်မလား''

''တော်ပြီ ဒက်ဒီရာ ဒက်ဒီနဲ့တွေ့ရင် အလုပ်လုပ်ဖို့ပဲပြောနေတယ် ဒက်ဒီကြည့်နေ တိမ်ဝင့်ထယ်ကအလုပ်မလုပ်ချင်သေးလို့ အလုပ်လုပ်တဲ့အခါ ဘယ်သူမှမဖြစ်နိုင်ပါဘူးဆိုတဲ့ အလုပ်ကိုဖြစ်အောင်လုပ်မှာ''

ပြော၍ ညေ့်ခန်းထိုင်ခုံမှထသွားရာ ဒက်ဒီကကျေနပ်စွာပြုံးလိုက်သည်ကို တိမ်ဝင့်ထယ်မြင်လိုက်ရလေသည်။

♦♦ ♦♦



ထူးကျော် ငါအရမ်းစိတ်ညစ်တယ်ဟာ ... ''

''ဘာလဲ နင့်ဒက်ဒီနဲ့ပြဿနာဖြစ်ပြန်ပြီလား''

ထူးကျော်အမေးကြောင့် တိမ်ဝင့်ထယ်ကနှုတ်ခမ်းကိုတွန့်ကာ ပြုံးလိုက်သည်။

''အသေအချာပဲပေါ့ဟာ ... ဒက်ဒီကငါ့ကိုအလုပ်လုပ်စေချင်တယ်''

''ကောင်းတာပေါ့ နင့်ဒက်ဒီပြောတာ သဘာဝကျတယ်လေ''

''ဘာ ... ''

တိမ်ဝင့်ထယ်ရဲ့စကားသံက ကျယ်လောင်သွား၍ ဘေးစားပွဲမှလူများကပင် လှည့်၍ကြည့်ကြသည်။

''ဟို ... ဟိုလေ ငါပြောတာက ... ''

''နင်လည်း ဘာမှပြောမနေနဲ့ ငါကအလုပ်မလုပ်ချင်သေးလို့ ဒီအတိုင်းနေနေတာ ငါအလုပ်လုပ်တဲ့အခါကျရင် နင်ကြည့်နေ ... ''

''ဘာလဲ နိုင်ငံကျော်အမှုကြီးကိုလိုက်မယ်ပေါ့ ဟုတ်လား''

''ဖျောက် ... ''

တိမ်ဝင့်ထယ်က လက်ဖျောက်ကိုတစ်ချက်တီးလိုက်သည်။

ပြီးတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ထူးကျော် နင်သိပ်တော်တယ်၊ တိမ်ဝင့်ထယ်ပါ တခြားလူမဟုတ်ပါဘူး ... နင်မှတ်ထားစမ်းပါ ... "

"ငါလည်း ယုံပါတယ်ဝင့်ထယ်ရဲ့"

တိမ်ဝင့်ထယ်က ထူးကျော်ကိုငယ်နိုင် ...

ငယ်စဉ်တည်းက တစ်လမ်းထဲနေခဲ့သလို ကျောင်းတက်တော့လည်း တစ်ကျောင်းတည်း ...

ထူးကျော်က ဆယ်တန်းကိုအကြိမ်ကြိမ်ကျရှုံးပြီး ကျောင်းကထွက်တော့ တိမ်ဝင့်ထယ်ဘွဲ့ရတော့မည်။

ထူးကျော်ကလည်း ဝင့်ကြွေးလို့ဆိုရမည်လားမသိ။ တိမ်ဝင့်ထယ် ဘာလုပ်လုပ်အကုန်ကောင်းသည်ဟု လိုက်လျောပေးတတ်သူဖြစ်သည်။

တိမ်ဝင့်ထယ်ကလည်း တခြားမိန်းကလေးအပေါင်းအသင်းမပေါင်း ထူးကျော်နှင့်သာပေါင်းကာ အမြဲဗိုလ်ကျတတ်သူဖြစ်၏။

"ဝင့်ထယ် ဟိုတလောက တို့ဝင်ကြည့်တဲ့အိမ်ကြီးကိုတရုတ်သူဌေးတစ်ယောက်ကဝယ်သွားတယ်တဲ့ ... "

"ဟယ် ဟုတ်လား၊ သရဲအရမ်းခြောက်တာ နင်ပြောတဲ့ တရုတ်သူဌေး တမသိဘူးလား"

"မသိလို့နေမှာပေါ့ဟာ"

"ငါတို့ ဟိုတစ်ခေါက်က နေ့လည်ဘက်သွားကြည့်တာ ဘာမှမတွေ့ဘူး ဒီတစ်ခါ ညဘက်သွားကြည့်ကြရအောင်"

တိမ်ဝင့်ထည်ကပြောတော့ ထူးကျော်မျက်လုံးပြူးလို့သွားသည်။

တိမ်ဝင့်ထည်ပြောသည့် အိမ်မဲကြီးမှာသူတို့လမ်းအစွန်ဘက်တွင်ရှိပြီး သရဲခြောက်သည်ဟု နာမည်ကြီးလှ၏။

တစ်ခါက တိမ်ဝင့်ထယ်ခေါ်သဖြင့် အိမ်ထဲဝင်ကြည့်ရာ ထူးထူးခြားခြား ဘာမှမတွေ့ခဲ့ရပေမယ့် ညဘက်တော့သွားရဲခြင်းမရှိ။

"ဖြစ်ပါ့မလား ငါညဘက်မသွားရဲဘူး"





"ဘာလို့မဖြစ်ရမှာလဲ နင်ယောကျ်ားဖြစ်ပြီး ကြောက်တတ်လိုက်တာ ငါက ရှေ့နေမနော် လူသတ်ခံရတဲ့အလောင်းတွေကိုတောင်ကြည့်ခဲ့ ... "

တိမ်ဝင့်ထယ်စကားရပ်သွားသည်။ ထူးကျော်က ပြုံးစိစိနှင့် ...

"နင်လူသတ်မှု ဘယ်နှစ်မှုလိုက်ခဲ့လို့လဲ"

မေးလိုက်ရာ တိမ်ဝင့်ထယ်က ...

"ဘာလဲ ငါ့ကိုအထင်သေးတာလား၊ စောင့်ကြည့်လိုက်ထူးကျော် တရားခံဘက်က ငါလိုက်ရင်ကျိန်းသေလွတ်ရမယ် ...

တရားလိုဘက်က အမှုလိုက်ရရင် တရားခံကျိန်းသေထောင်ကျရမယ်"

"ဟာ ... ဟုတ်လှချည်လား၊ နင်သာအဲလိုအမှုလိုက်ရင် နင့်တပည့်ငါလုပ်မယ်သိလား"

"စကားမများနဲ့ ဟိုအိမ်မဲကြီးကို လာမယ့်လကွယ်ညသွားမယ်"

"ဟင်"

"မဟင်နဲ့ နင်မလိုက်ရင် နင့်ကိုတစ်သက်လုံးစကားမပြောတော့ဘူး"

"အဲလိုမလုပ်ပါနဲ့ ဝင့်ထယ်ရယ် ငါလိုက်ပါ့မယ်"

"ပြီးရော"

တိမ်ဝင့်ထယ်က ပြော၍ သူတို့နှစ်ယောက်သောက်ထားသော လက်ဖက်ရည်ဖိုးကိုရှင်း၍ ဆိုင်ထဲမှထွက်လာကြတော့သည်။

◆◆ ◆◆



www.burmeseclassic.com

www.burmeseclassic.com

ခုတင်ပေါ်တွင် ကြီးမားသောခေါင်းနက်ကြီးကို
တွေ့ရသောအခါ . . .

## အခန်း (၅)

## အိမ်ကြီးရဲ့ည

ညကအလွန်တရာမှမည်းမှောင်လွန်းလှသည်။ အချိန်က ညဆယ့်တစ်နာရီဝန်းကျင်ခန့်ရှိလို့နေလေပြီ။

တိမ်ဝင့်ထယ် တစ်ယောက်အိမ်အနောက်ဘက်တံခါးမှ မြို့ပြင်သို့ထွက်လာသည်။

ထူးကျော်က မြို့အပြင်က အဆင်သင့်ပင်စောင့်လို့နေသည်။

"နင်ကလည်း ကြာလိုက်တာဟာ ငါစောင့်နေတာကြာပြီ"

"အိမ်ထဲကနိုးထွက်ရတာ လွယ်တာမှမဟုတ်တာ ဒက်ဒီကတော်တော်နဲ့ မအိပ်သေးဘူးထူးကျော်ရဲ့"

ထူးကျော်က တိမ်ဝင့်ထယ် လက်ဆီအကြည့်ရောက်သွားပြီး —

"နင့်မှာ ဓာတ်မီးပါလား ဝင့်ထယ်"

"ပါတယ် ထူးကျော် ..."

တိမ်ဝင့်ထယ်က အပေါ်အင်္ကျီထဲလက်နှိုက်ကာ ဓာတ်မီးကိုထုတ်ပြလိုက်သည်။

"နင်သွားချင်တယ်ဆိုလို့သာ လိုက်ပို့တာ ငါကကြောက်တယ်"

"အလကားကောင် ယောကျ်ားဖြစ်ပြီး သတ္တိမရှိလိုက်တာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူးသွားမယ်''

တိမ်ဝင့်ထယ်က ရှေ့မှထွက်သွားတော့ ထူးကျော်လည်းနောက်မှကုတ်ကုတ်ပါလာသည်။

''ဝုတ် ... ဝုတ်''

ခွေးတစ်ကောင်တလေလှမ်းဟောင်တာကလွဲရင် သူတို့နှစ်ယောက်သွားသည့်လမ်းမှာ ဘာအခက်အခဲမှမရှိ။

အိမ်မဲကြီးရှေ့ရောက်တော့ ညအမှောင်ထဲမှာတစ္ဆေကြီးတစ်ကောင် ငုတ်တုတ်ထိုင်နေသလို တွေ့လိုက်ရသည်။

''ဖြစ်ပါ့မလား ဝင့်ထယ် ... ငါကြောက်တယ် ကြက်သီးတွေတောင် ထလာပြီ''

''နင်ကြောက်ရင် အပြင်မှာနေခဲ့ ငါတစ်ယောက်တည်းသွားမယ်''

ကျိုးပြတ်နေသော ခြံစည်းရိုးမှတစ်ဆင့်အိမ်ကြီးဆီသို့ တိမ်ဝင့်ထယ်ကဝင်မည်ပြုလိုက်ရာ ထူးကျော်လည်းမနေသာတော့ဘဲ တိမ်ဝင့်ထယ်နောက်မှလိုက်ဝင်လာခဲ့သည်။

အိမ်မဲကြီးအနားသို့ရောက်လာသောအခါ ...

''အထဲဝင်ကြမယ်''

''အင်း''

တိမ်ဝင့်ထယ်က ဓာတ်မီးကိုအိမ်မဲကြီးအဝင်ဝ တံခါးကြီးကိုထိုးလျက်ကျန်လက်တစ်ဖက်က တံခါးကိုအသာအယာတွန်းလိုက်သည်။

''ကျွီ ... ''

တံခါးကြီးက လေးလံလှတာကြောင့် အားစိုက်တွန်းမှ ပွင့်၍သွားသည်။

''ဟာ ... နံလိုက်တာ''

အိမ်ထဲရောက်တာနှင့်အောက်သိုးသိုးအနံ့အသက်များကြောင့် နှာခေါင်းကို လက်နှင့်အမြန်ပိတ်လိုက်ရသည်။





ကျိုးပဲ့နေသော ခုံများဖုံအလိမ်းလိမ်းတက်နေသော ကြမ်းပြင်နံရံပေါ်တွင် ဆေးရောင်များပြယ်လွင့်နေသော ပန်းချီကားများကို ဓာတ်မီးအလင်းရောင်အောက်တွင်တွေ့လိုက်ရသည်။

တိမ်ဝင့်ထယ်က ဧည့်ခန်းထဲရှိပစ္စည်းများကြည့်၍ ...

''လူတွေက သရဲခြောက်တယ် ခြောက်တယ်နဲ့အလကားနေကြောက်နေကြတယ် ဘာကြောက်စရာရှိလဲ ...

လူမနေတာကြာတော့ ပစ္စည်းတွေဖရိုဖရဲဖြစ်နေတာပဲရှိသည်။

''အင်း ... ''

ထူးကျော်က တိမ်ဝင့်ထယ်ပြောသမျှကို ခေါင်းသာညိတ်နေရသည်။ ရင်ကတော့တထိတ်ထိတ် ...

''လာဟာ ... အခန်းတွေထဲလိုက်ကြည့်ရအောင် ... ''

''အင်း''

အိမ်အနောက်ဘက်အခန်းများမှ အခန်းတံခါးများပိတ်၍ထားသည်။

တိမ်ဝင့်ထယ်က အခန်းတစ်ခန်း၏ တံခါးကိုတွန်း၍အထဲသို့ ကြည့်လိုက်ရာ ...

''ဟင်''

''ဝင့်ထယ် ဟိုကုလားထိုင်လှုပ်နေတယ် ... ''

တိမ်ဝင့်ထယ် ကုလားထိုင်ကိုဓာတ်မီးဖြင့်ထိုးကြည့်ရာ ခြေတင်ပါသည့် ပက်လက်ကုလားထိုင်မှာ အလိုလိုနေရင်း လှုပ်လို့နေသည်။

ထိုကုလားထိုင်ဘေးမှာတော့ ကြီးမားလှသည့်ခုတင်ကြီးတစ်လုံး။

ထိုခုတင်ပေါ်တွင် တွေ့လိုက်ရသည်မှာ ခေါင်းအနက်ကြီးတစ်လုံးဖြစ်လို့နေရာ တိမ်ဝင့်ထယ် အသက်ရှူဆတ်ခနဲတုန်လို့သွားသည်။

''ခေါင်းနက်ကြီး ဝင့်ထယ် လာ ... လာ တို့သွားရအောင်''

ခေါင်းနက်ကြီးမှာ မွေ့ရာ ခေါင်းအုံး စောင်တို့ကိုကျနစွာပြင်လို့ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းကြီးက အကြီးကြီးပဲ ဘာလို့ခုတင်ပေါ်တင်ထားတာလဲ မသိဘူး"

"ဘယ်သိမလဲဟာ ... လာပါ တို့တွေပြန်ရအောင်"

ထူးကျော်က အခန်းအပြင်ဘက်ကနေ အထဲသို့ဝင်မည်ပြုနေသည့် တိမ်ဝင့်ထယ်ကိုအတင်းခေါ်နေသည်။

ထိုစဉ် ...

"ရှပ် ... ရှပ် ... ရှပ် ... ရှပ်"

အိမ်အနောက်ဘက်မှ ခြေသံများကိုပီပြင်စွာကြားလိုက်ရသည်။

"ဝင့်ထယ် ကြားလား"

"အင်း ... "

တိမ်ဝင့်ထယ်ခေါင်းညိတ်ပြလိုက်သည်။

ခဏကြာတော့ ...

ခြေသံများပြန်လည်တိတ်ဆိတ်သွားသည်။

"လာ ထူးကျော် ခုနခြေသံကြားရတဲ့ဘက်ကိုသွားကြည့်ရအောင်"

"လာပါဟာ ... ပြန်ရအောင် ဘာမှလည်းတွေ့မှာမှမဟုတ်တာ"

ထူးကျော်က တိမ်ဝင့်ထယ်ကိုတားသည်။

တိမ်ဝင့်ထယ်စိတ်ဆိုးသွားပြီး ...

"နင်မလိုက်ချင်နေခဲ့ ငါဘာသာတစ်ယောက်တည်းသွားမယ်"

"ဟာ ... မလုပ်နဲ့လေ ငါတစ်ယောက်တည်းမနေခဲ့ရဲဘူး လိုက်ခဲ့မယ်"

တိမ်ဝင့်ထယ်နောက်သို့ ထူးကျော်လိုက်လာသည်။ အခန်းများရှေ့လျှောက်လမ်းမှဖြတ်ပြီး ခြေသံကြားရသည်ဟုထင်သောနေရာကို ကြည့်လိုက်သောအခါ ...

"ဟင်"

"ဟာ ... ဘာကြီးလဲ"





တိမ်ဝင့်ထယ်နှင့်ရွယ်တူလောက်ရှိမည်ထင်ရသည့် ကောင်မလေးတစ်ယောက် ကုလားထိုင်တစ်လုံးပေါ်တွင်ငြိမ်သက်စွာထိုင်နေသည်။

တိမ်ဝင့်ထယ်က ဓာတ်မီးဖြင့်လှမ်းထိုးပြီး ...

"ဟဲ့ ... နင့် နင်ဘယ်သူလဲ"

မကြောက်တတ်ဘူးဆိုသော်လည်း တိမ်ဝင့်ထယ်အသံက အနည်းငယ် တုန်နေသည်။

ကောင်မလေးထံမှ ဘာတစ်ခွန်းမှတုန့်ပြန်သံမကြားရ ...

"မေးနေတယ်လေ ... "

တိမ်ဝင့်ထယ်က ဓာတ်မီးကိုထိုးရင်း တရွေ့ရွေ့ရှေ့သို့တိုးကပ်သွားသည်။

ကောင်မလေးမှာ ပုံစံမပျက် ထိုင်မြဲထိုင်လို့နေသည်။ တိမ်ဝင့်ထယ်က ကောင်မလေးအနားသို့ တိုးကပ်သွားပြီး အနီးရောက်၍ ကိုင်ကြည့်လိုက်ရာ-

"ဟာ ... "

ဘယ်လိုမှထင်မှတ်မထားသည့်အရာမို့ နောက်သို့ခြေလှမ်းဆုတ်လိုက်မိတော့သည်။

♦♦ ♦♦



www.burmeseclassic.com

www.burmeseclassic.com

အလွန်ကြောက်စရာကောင်းသည့်
ဇော်ဘ်ကြီးက နောက်ကျောက
ထွက်လာတာကြောင့် ...

## အခန်း (၆)
## ဇော်ဘ်ကြီး

"ဘာ ... ဘာကြီးလဲ ဝင့်ထယ်"

ထူးကျော်က အထိတ်တလန့်နှင့်မေးလိုက်ရာ တိမ်ဝင့်ထယ်က ...

"အေးစက်စက်ကြီး ... "

"တစက်မှာလည်း မလှုပ်ဖူးနော် ဝင့်ထယ်၊ လူ လူမှဟုတ်ရဲ့လား"

"အင်း ... ခဏနေဦးဟာ ငါသေသေချာချာကြည့်လိုက်ဦးမယ်"

တိမ်ဝင့်ထယ်က ဓာတ်မီးကိုထိုးလျက် ရှေ့သို့တိုးရန်ပြင်လိုက်ရာ ထူးကျော်က လက်မောင်းကိုအတင်းဆွဲထားလိုက်ပြီး ...

"လာပါ ဝင့်ထယ်ရယ် ပြန်ရအောင် ... "

"နင်ကလေ ယောကျ်ားမဟုတ်တဲ့အတိုင်း ကြောက်တတ်လိုက်တာ ပြောမနေနဲ့"

တိမ်ဝင့်ထယ်က ထူးကျော်ကိုခေါင်းကိုစောင်း၍ လှည့်အပြစ်တင်ပြီး ကုလားထိုင်ပေါ်က ကောင်မလေးနားသို့တိုးကပ်သွားသည်။

အနားသို့ရောက်၍ နောက်တစ်ကြိမ်စမ်းကြည့်လိုက်ရာ ...

"ဟင်"

"ဘာ ... ဘာလဲဝင့်ထယ်"



www.burmeseclassic.com

www.burmeseclassic.com



ထူးကျော်ကအလန့်တကြားမေးလိုက်သည်။

''ဘာမှမဟုတ်ဘူး လေပွရုပ်ကြီးပါ ထူးကျော်ရဲ့အမှောင်ထဲမှာဆိုတော့ ရုတ်တရက်လူလို့ထင်ရတယ်လေ ... မယုံရင်ကိုင်ကြည့်ပါလား''

''မကိုင်ပါဘူး ဟာ''

''ခစ် ခစ် ... ထူးကျော်နင်ကသိပ်ကြောက်တတ်တာပဲ''

တိမ်ဝင့်ထယ်က ရယ်မောကာ အရုပ်၏လက်မောင်းတို့ကို ညှစ်နေသည်။

''ဝင့်ထယ် ခုနကခြေသံက အရုပ်မထလမ်းလျှောက်တာမဟုတ်ပါဘူးနော်''

''အင်း ... ဘယ်သူများလဲ ... လာဟာ တခြားအခန်းထဲကိုလိုက်ကြည့်မယ်''

''တော်ပါတော့ ဝင့်ထယ်ရယ်၊ ပြန်ရအောင်ညဉ့်လည်းနက်နေပြီ''

ထူးကျော်က တိမ်ဝင့်ထယ်အားချော့မော့ကာပြောဆိုပြီး အခန်းထဲမှ ထွက်လာစဉ် ...

''ဟား ... ဟား ... ဟား''

''ခစ် ... ခစ် ... ခစ်''

''ဟင်''

''ဟာ''

လိုဏ်ခေါင်းသံကြီးကဲ့သို့ ယောကျ်ားတစ်ယောက်ယောက်နှင့်မိန်းမ တစ်ယောက်ရယ်မောသံကြီးထွက်ပေါ်လို့လာသည်။ ထူးကျော်နှင့်တိမ်ဝင့်ထယ် လန့်လို့သွား၏။

ထူးကျော်က တိမ်ဝင့်ထယ်လက်ကိုဆွဲ၍ ...

''လာ ... ဝင့်ထယ် တို့ဒီအိမ်ကြီးက အမြန်ထွက်ကြမယ်''

ပြောကာ အတွင်းလျှောက်လမ်းမအတိုင်း ထွက်လာပြီးဧည့်ခန်းသို့ ရောက်လာစဉ် ...





''ဒေါင် ... ဒေါင် ... ဒေါင်''

''အမလေး ... ''

တိတ်ဆိတ်နေသည့်အခန်းမှ ရုတ်တရက်ထွက်ပေါ်လာသည့်အသံကြောင့် လန့်လို့သွားကြ၏။

တိမ်ဝင့်ထယ် အကြည့်ရောက်သွားတာ ဧည့်ခန်းအတွင်းရှိ နံရံကပ်ချိန်သီးနာရီကြီး လက်တံက ညဆယ့်နှစ်နာရီတိတိမှာပြနေသည်။

ထိုစဉ် ...

''ဟော့ ... နေကြဦးလေ''

''ဟင်''

ကြောက်မက်ဖွယ်ကောင်းသည့် အသံနက်ကြီးက ညအမှောင်ထဲတွင် ထွက်ပေါ်လို့လာသည်။

''လာ ... ဝင့်ထယ် ပြေးကြမယ်''

''အေး ... ''

နှစ်ယောက်သားအဝင်ကျွန်းတံခါးကြီးကို အတင်းဆွဲဖွင့်ရာ တံခါးက ဘယ်လိုမှမပွင့်ဘဲဖြစ်နေသည်။

''ဟင်''

''ဘယ်လိုလုပ်မလဲ ထူးကျော်''

နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။

မျက်နှာပေါ်တွင်လည်းချွေးသီးချွေးပေါက်တို့ကျကာနေလေ၏။ အသံနက်ကြီးကလည်း တဖြည်းဖြည်းနီးလာသလို ပြင်းထန်သောခြေနင်းသံကိုကြားရ၏။

''နေကြဦးလေ ... ''

''ဒုန်း ... ဒုန်း ... ဒုန်း''

ထူးကျော်က တံခါးကိုပို၍အားစိုက်ကာ ဆွဲဖွင့်သော်လည်းတံခါးက



www.burmeseclassic.com

www.burmeseclassic.com



မပွင့်ဘဲဖြစ်နေ၏။

နှစ်ယောက်သား ကြောက်ကြောက်နှင့်ခွဲဖွင့်ရာမပွင့်၍ စိတ်ပျက်ပျက်နှင့်တံခါးကိုမှီလိုက်ရာ ...

"ကျွီ ... "

"ဟင်"

တံခါးကပွင့်သွားသဖြင့် ဝမ်းသာသွားပြီး အိမ်မဲကြီး၏အပြင်ဘက်သို့ ပြေးထွက်လာသည်။

ထိုစဉ် ...

"ဟော့နေကြဦး"

"ဟား ... ဟား ... "

အလွန်ကြောက်စရာကောင်းသည့် အော်သံကြီးနှင့်အတူ ရယ်မောသံကြီးက အိမ်မဲကြီးထဲကထွက်ပေါ်လို့လာသည်။

ထူးကျော်နှင့် တိမ်ဝင့်ထယ်တို့ခြံပြင်ရောက်သည်ထိ ရယ်မောသံကြီးက အိမ်မဲကြီးထဲမှထွက်ပေါ်လို့နေဆဲပင်ဖြစ်သည်။

"ဟူး ... "

ထူးကျော်က လေပူတစ်ချက်ကိုမှုတ်ထုတ်လိုက်သလို တိမ်ဝင့်ထယ်က မောပန်းလွန်းသဖြင့် နဖူးကချွေးကိုလက်နှင့်သုတ်လိုက်၏။

"ငါပြောတယ်မလား ဝင့်ထယ် ... အိမ်မဲကြီးက သရဲအရမ်းခြောက်ပါတယ်လို့ နင်ကမှမယုံတာ"

ထူးကျော်က တိမ်ဝင့်ထယ်ကိုအပြစ်တင်လိုက်သည်။

"နင်ကလည်း မောပါတယ်ဆိုမှတစ်မျိုး"

"အု ... ဝူး"

အလွန်စူးစူးဝါးဝါးအူလိုက်သည့်ခွေးအူသံက သူတို့နှင့်မလှမ်းမကမ်းကထွက်လာသည်။

ထူးကျော်က ...





"ဝင့်ထယ်လာ အိမ်မြန်မြန်ပြန်မယ်"

"အင်း ... "

တိမ်ဝင့်ထယ်ကိုယ်တိုင် ဒီတစ်ခါတော့ ထူးကျော်စကားကို မငြင်းရဲတော့။

သူတို့နှစ်ယောက် ခပ်သုတ်သုတ်လျှောက်လာကြရာ လမ်းတစ်လျှောက်ခွေးတွေကသူတို့နှစ်ယောက်ကိုကြည့်ကာ အူလိုက်ကြသည်မှာ ကြောက်စရာကောင်းလွန်းလှသည်။

"ခွေးတွေက သရဲတစ္ဆေကိုမြင်ရတယ်တဲ့ မြင်ရင်လည်းအူတယ်လို့ ငါ ကြားဖူးတယ် ဝင့်ထယ်"

"မပြောနဲ့ထူးကျော် ငါလည်းသိတယ်"

နှစ်ယောက်စလုံးက သူတို့နောက်တွင် တစ်စုံတစ်ခုကပ်ပါလာသည် ထင်သဖြင့် နောက်သို့လည်းလှည့်မကြည့်ရဲ ...

"အု ... ဝူး ... "

ခွေးအူသံတွေကတော့ အဆက်မပြတ်ကိုထွက်ပေါ်လို့လာနေဆဲ ...

တိမ်ဝင့်ထယ်အိမ်ရှေ့ရောက်တော့ ... တိမ်ဝင့်ထယ်က ...

"ငါအိမ်ထဲဝင်တော့မယ် နင်တစ်ယောက်တည်းပြန်လို့ဖြစ်မလား ထူးကျော်"

"ရတယ် တစ်ယောက်တည်းလည်းပြန်ရမှာပေါ့"

"အေး"

တိမ်ဝင့်ထယ်က ခြံတံခါးကိုဖွင့်ကာအထဲသို့ဝင်တော့ ထူးကျော်က သူ့အိမ်ဘက်သို့ထွက်သွားလေတော့သည်။

ခွေးအူသံတွေကတော့ ဆူညံလို့နေဆဲပင်ဖြစ်သည်။

"အု ... ဝူး ... "

♦♦ ♦♦



www.burmeseclassic.com

www.burmeseclassic.com

သူကအရမ်းလှတာဆိုတော့

အင်း ... အခုလိုလုပ်ပေးလိုက်တာနဲ့ ...

## အခန်း (၇)

## တကျော့ရှုံးတဲ့လူ

"အခုလို အချိန်တိုတိုအတွင်းမှာ ရှင့်ပွဲရုံလုပ်ငန်းတွေအောင်မြင်လာတာ ဂုဏ်ယူပါတယ် ကိုရဲရင့်"

စင်ဒီက ရဲရင့်အားနာမည်ကြီးစားသောက်ဆိုင်တစ်ဆိုင်သို့ခေါ်၍ ညည်ရင်း ဂုဏ်ပြုစကားဆိုလိုက်သည်။

"စင်ဒီကိုလည်း ကိုယ်ကျေးဇူးတင်ပါတယ်၊ ရန်ကုန်ကို ကိုယ်ရောက်လာပြီး အလုပ်ကိုစမ်းတဝါးဝါးဖြစ်နေချိန်မှာ ကူညီခဲ့တယ်မလား"

"စင်ဒီ ကူညီတာဘာမှမဟုတ်ပါဘူး ကိုရဲရင့်က အလုပ်ကိုဇွဲတ်နစ်လုပ်လို့အောင်မြင်တာလေ"

"ဟင်း"

ရဲရင့်က သက်ပြင်းကိုချလိုက်သည်။ စင်ဒီက နားမလည်သလိုနှင့်–

"ဘာဖြစ်တာလဲ ကိုရဲရင့်"

"ကိုယ်အလုပ်ထဲမှာ စိတ်ကိုဇွဲတ်နှစ်ထားတာအကြောင်းရှိတယ်လေ"

"စင်ဒီကြားတော့ကြားပါတယ် ကိုရဲရင့်က ကိုရဲရင့်အမျိုးသမီးကို သိပ်ချစ်တာတဲ့ ကိုရဲရင့်အမျိုးသမီးဆုံးလို့ စိတ်ပြေလက်ပျောက် ရန်ကုန်ကို အလုပ်လာလုပ်တာဆို"



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်က စင်ဒီ့မျက်နှာကိုလှမ်းကြည့်တော့ စင်ဒီက စိတ်ဝင်တစားနှင့် နားထောင်မည့်ပုံစံမှာရှိနေသည်။

“အမှန်ပဲ စင်ဒီ ... ကိုယ့်မှာ သမီးလေးတစ်ယောက်လည်း ရှိတယ်”

“ဩော် ... ”

စင်ဒီက ရေရွတ်လိုက်ပေမယ့် မျက်နှာက အနည်းငယ်ပျက်လို့သွားသည်။

စင်ဒီက စီးပွားရေးလောတွင် ပေါက်မြောက်သည့်လူတစ်ယောက်ဖြစ်သလို နာမည်ကြီးကုမ္ပဏီတစ်ခုမှာ ရှယ်ယာအများဆုံးပိုင်ဆိုင်ထားသူလည်း ဖြစ်၏။

ရဲရင့်ကိုတော့ အထူးအလေးပေးဆက်ဆံကာ လိုအပ်တာများကို အမြဲကူညီပံ့ပိုးပေးသူဖြစ်၏။

“ရဲရင့် လုပ်ငန်းထပ်ချဲ့ရင်ပြော စင်ဒီကူညီမယ်လေ”

“အခုလောလောဆည်တော့ လုပ်ငန်းထပ်မလုပ်ချင်သေးဘူး၊ လုပ်ထားတဲ့အလုပ်တွေနဲ့မလည်ဘူးဖြစ်နေတယ် စင်ဒီ”

“ခစ် ... ခစ် ... ခစ်”

စင်ဒီကလှပစွာရယ်မောလိုက်သည်။

ပြီးမှ ...

“လုပ်ငန်းလုပ်တာ ကိုယ်တိုင်လုပ်စရာမလိုပါဘူး ရဲရင့်ရဲ့ ... စီမံခန့်ခွဲတတ်ဖို့ပဲလိုတယ်၊ ကိုယ့်အလုပ်သမားထဲကယုံကြည်စိတ်ချရမယ့်သူကို စာရင်းဇယားနဲ့လွှဲထားလိုက် ကိုယ်ကနောက်ထပ်လုပ်ငန်းတစ်ခုထပ်လုပ်ပေါ့”

“အင်း ... ”

ရဲရင့်ကစဉ်းစားနေသည်။ စင်ဒီက ...

“တွေဝေမနေနဲ့ရဲရင့် စီးပွားရေးလောကမှာ တစ်ခုတည်းအောင်မြင်နေတာကို ကျေနပ်မနေနဲ့လိုအပ်တာအကုန် စင်ဒီလုပ်ပေးမယ်”





စင်ဒီရဲ့စကားတွေနဲ့အတူ မျက်လုံးထဲက သံယောဇဉ် အငွေ့အသက် ရဲရင့်မြင်လိုက်ရသည်။

ရုပ်ရည်ကာ မဟာဆန်စွာချောမောလှပပြီး ကိုယ်လုံးကိုယ်ထည်ကအစ အပြစ်ပြောစရာမရှိအောင် ချောမောလှပသော စင်ဒီက သူ့ကိုသံယောဇဉ် လာတွယ်နေသည်။

“ကိုယ့်အလုပ်ထဲမှာ စာရေးမလုပ်တဲ့ကြည်ပြာရင့်ဆိုတဲ့ကောင်မလေးကတော့ သွက်သွက်လက်လက်ရှိတယ် စင်ဒီ ... ယုံလည်းယုံကြည်ရတယ်”

စင်ဒီက ရဲရင့်ပြောတာကိုအာရုံစိုက်နားထောင်ပြီး ...

“မျက်ခုံးကောင်းကောင်းနဲ့ တော်တော်ချောတဲ့ကောင်မလေးကို ပြောတာလား”

“ကြည့်ကောင်းတာပါ ... ”

“ခစ် ... ခစ် ... ရဲရင့်ကကောင်မလေးတွေရဲ့အလှအပကိုမခံစားတတ်ဘူးထင်တယ်၊ စင်ဒီအထင်ကြီးတဲ့အထဲမှာ အဲဒါလည်းပါတယ်”

စင်ဒီက သူ့အမိပ္ပါယ်နှင့်သူပြောတော့ ရဲရင့်မျက်နှာကိုတစ်ဘက်သို့ လွှဲကာပြုံးလိုက်သည်။

“ကဲ ... ထားပါ ရဲရင့်သင့်တော်မယ်ထင်တဲ့လူကိုနေရာပေးလိုက်၊ ရဲရင့်ကလူတော်ပဲ လူရွေးမမှားလောက်ပါဘူး”

“စင်ဒီ ကိုတိုင်ပင်တာပါ”

“ဟုတ်ပါပြီ ရဲရင့်အတွက် အချိန်တွေပိုရလာရင် တခြားအလုပ်တွေ လေ့လာလို့ရတာပေါ့ စင်ဒီလည်း ရဲရင့်ကိုတွေ့ဖို့အားမနာရတော့ဘူးလေ”

စင်ဒီရဲ့အသံက တိမ်ဝင်လို့သွားပေမယ့် ရဲရင့်ကမသိဟန်ဆောင်ကာ ထမင်းကိုငုံ့စားရှိသာနေလေတော့သည်။

♦♦ ♦♦



www.burmeseclassic.com

www.burmeseclassic.com

"ကြည်ပြာရင့် ပွဲရုံရဲ့မန်နေဂျာနေရာကို ကြည်ပြာရင့်ကိုပေးမယ် အလုပ်တွေကိုစနစ်တကျလုပ်ပါ"

"ရှင်"

ရဲရင့်ရဲ့စကားအဆုံးမှာ ကြည်ပြာရင့်အံ့ဩသွားသည်။ သူလိုပွဲရုံရဲ့သာမန်စာရေးမတစ်ယောက်ကို ရဲရင့်ကရာထူးကြီးပေးတာဆိုတော့ အံ့ဩရသည်လေ။

"ကြည်ပြာရင့်မလုပ်နိုင်လို့လား"

"မဟုတ်ပါဘူး ဆရာ ... အံ့ဩလို့ပါ ကြည်ပြာစိတ်ကူးတောင်ယဉ်မထားတဲ့ကိစ္စဖြစ်နေလို့ပါ"

ရဲရင့်ကို ကြည်ပြာရင့်က အလျင်မြန်ပြန်ပြောလိုက်သည်။

"အဓိကကတော့ ကြည်ပြာရဲ့ရိုးသားမှုကြောင့်ပဲ အလုပ်ကိုအချိန်ပြည့်အာရုံစိုက်လုပ်နိုင်ဖို့ ပွဲရုံနားကတိုက်ခန်းတစ်ခန်းကိုငှားပေးမယ် အဲဒီမှာမိသားစုနဲ့နေပေါ့"

"ကြည်ပြာမှာ အမေတစ်ယောက်တည်းပဲရှိပါတယ် ဆရာ"

"အေးလေ ... အလုပ်နဲ့နီးနီးနားနားဆိုတော့ ကောင်းတာပေါ့"

"ဟုတ်ကဲ့ ... "





ကြည်ပြာရင့် ရင်ထဲမှာဖော်မပြတတ်အောင် ကြည်နူးပျော်ရွှင်မိသည်။

သူ့ဆရာ ရဲရင့်ရဲ့တည်ကြည်တဲ့ ဟန်၊ အလုပ်သမားတွေအပေါ်ထားတဲ့စေတနာကို ပွဲရုံအလုပ်သမားတိုင်းနားလည်ကြသည်။

"လုပ်ခ လစာမန်နေဂျာလစာမျိုးပေးမယ် ကြည်ပြာရင့်"

"ရှင်"

အတွေးလွန်နေသည့် ကြည်ပြာရင့်တစ်ယောက် ရဲရင့်ရဲ့စကားကြောင့်လန့်သွားသည်။

"အလုပ်သမားတွေအပေါ်လည်း သူတို့လုပ်နိုင်သလောက် မျှမျှတတစီမံခန့်ခွဲအုပ်ချုပ်ပါ"

"ဟုတ်ကဲ့ ... "

"ကိုရဲရင့် ခုတစ်ပတ်ဈေးဝတီဘက်ကပစ္စည်းတွေ ဈေးတက်တယ်ဗျ"

ရဲရင့်နှင့်ကြည်ပြာရင့်တို့ စကားပြောသည့်ပွဲရုံရုံးခန်းဆီသို့ တစ်ဘက်ပွဲရုံပိုင်ရှင် ကိုစောသိန်းဆိုသူက ပြောပြောဆိုဆိုဝင်လာသည်။

သူကရဲရင့်ကိုသာ စကားလှမ်းပြောနေသော်လည်း သူ့အကြည့်တွေကကြည်ပြာရင့်ပေါ်ရောက်လို့နေသည်။

ကိုစောသိန်းက ရဲရင့်ရှေ့ထိုင်ခုံတစ်လုံးမှာဝင်ထိုင်တော့ ကြည်ပြာရင့်ကအလိုက်တသိနှင့်ထ၍ အခန်းထဲမှထွက်သွားသည်။

ကိုစောသိန်းက ရဲရင့်အားလေသံတိုးတိုးနှင့် ...

"ခင်ဗျား စာရေးမလေးက မဆိုးဘူးဗျ၊ ဘော်ဒီနဲ့ရုပ်ရည်ကပြောစရာမရှိဘူး"

"ကိုစောသိန်းကတော့ လုပ်ပြီဗျာ"

ရဲရင့်ကစိတ်ပျက်စွာပြောလိုက်သည်။ ကိုစောသိန်းက မိန်းမရှုပ်တဲ့နေရာမှာနာမည်ကြီး မယားငယ်တွေလည်းထားတာ မဆိုလျှင် အလွတ်မခံသူဖြစ်၏။

"ကိုရဲရင့် နေရာတိုင်းရိုးသားလို့မရဘူး၊ ပျော်ပျော်နေစမ်းပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့ဗျာ ... အခုတောင် ကြည်ပြာရင့်ကိုပွဲရုံမန်နေဂျာလုပ်ဖို့ ပြောတာ ဒီနားမှာတိုက်ခန်းလည်းငှားပေးမယ်လေ"

ရဲရင့်စကားကြောင့် ကိုစောသိန်းက ဘယ်လိုအတွေးပေါက်သွားသည် မသိ အားရပါးရပြုံး၍ ...

"ဟာ ... ကိုယ့်လူက ရိုးတယ်ရိုးတယ်နဲ့ ဆွဲစေ့တာမြန်လိုက်တာဗျာ အားကျတယ် အားကျတယ်"

"ကိုစောသိန်း ကျွန်တော်ကရိုးရိုးသားသား ... "

ရဲရင့်စကားမဆုံးခင် ကိုစောသိန်းကလက်ကာပြ၍ ...

"ယောကျ်ားတွေပဲဗျာ မဆန်းပါဘူး ဆက်လုပ် ... ကောင်မလေးက အမိုက်စားလေး အလုပ်အတွက်လည်းစိတ်ချ ကိုယ့်အတွက်လည်း ... "

"တော် ... တော် ... ခင်ဗျားတော်တော့ ... "

ရဲရင့်မျက်နှာနီရဲ၍ ဒေါသထွက်လို့သွားသည်။ ကိုစောသိန်းကတော့ အားပါးတရရယ်၍ ...

"ဟား ... ဟား လောကမှာအချိုမကြိုက်တဲ့လူမရှိပါဘူး၊ သိက္ခာကြီး တွေထိန်းမနေပါနဲ့ဗျာ ... ကဲ သွားပြီ"

ထင်ရာပြောပြီး အခန်းထဲကထွက်သွားတော့ ရဲရင့်တစ်ယောက်ဒေါသ ထွက်ကာကျန်ခဲ့သည်။

"တောက် ... "

သိက္ခာကိုအစော်ကားခံရ၍ ပြင်းထန်စွာတောက်ခေါက်မိသည်။

ထိုစဉ် ...

အခန်းထဲသို့ ကြည်ပြာရင့်ပြန်ဝင်လာပြီး ...

"ဘာတွေ ဒေါသထွက်နေတာလဲ ဆရာ"

"မပြောချင်ပါဘူး ကြည်ပြာရင့်ရယ် ... "

ကြည်ပြာရင့်က သဘောပေါက်စွာဖြင့် ...

"ဟိုလူကြီးမလား အဲဒီလူကြီးက တဏှာရူးကြီးဆရာရဲ့ ကြည်ပြာကို





လည်း အမြဲရိသဲ့သဲ့လုပ်နေတာ အလုပ်လည်းကောင်းကောင်းလုပ်တာမဟုတ် ဘူး"

"လူတွေက ခက်တယ်"

"သူ့ ပွဲရုံကကုန်မရတာ ကြည်ပြာတို့ပွဲရုံကြောင့်လို့ လျှောက်ပြော နေတာ သူမှအလုပ်ကောင်းကောင်းမလုပ်တာ မိန်းမကဲစွပဲရှုပ်နေတာ လေ ... "

ကြည်ပြာရင့် သူမ မကျေနပ်တာကို ရဲရင့်အား ရင်ဖွင့်ပြလေ၏။

ရဲရင့်က ...

"အဲဒီလူအကြောင်းခေါင်းထဲထည့်မနေနဲ့ ကိုယ့်အလုပ်သာကိုယ်လုပ် အချိန်တန်သူ့လမ်းသူသွားလိမ့်မယ်"

"ဟုတ်ကဲ့ပါ ဆရာ"

ကြည်ပြာရင့်က တရိုတသေပြော၍ ရဲရင့်၏အလုပ်အခန်းထဲမှ ထွက် ကာသွားသည်။

"ဟူး ... "

ရဲရင့်က စိတ်ပျက်စွာလေပူတစ်ချက်မှုတ်ထုတ်ရင်း ထိုင်ခုံနောက်ကျော ကိုမှီ၍ ထိုင်နေလိုက်တော့သည်။

♦♦ ♦♦



www.burmeseclassic.com

www.burmeseclassic.com

စင်ဒီလက်ထပ်ချင်တဲ့ယောကျ်ားက
စင်ဒီကိုလက်မထပ်ချင်ဘူး . . .

BURMESE CLASSIC .com

## အခန်း (၈)

## အလိုမကျတဲ့သူ

"စင်ဒီ့ကို ဒက်ဒီနဲ့မာမီက နိုင်ငံခြားကိုအပြီးလိုက်ခဲ့ဖို့ လှမ်းပြောတယ် ရဲရင့်"

စင်ဒီ့အသံကအနည်းငယ်တုန်ချင်နေသည်။ စင်ဒီအရေးတကြီးတွေ့ချင်သည်ဆို၍ အင်းလျားကန်ဘောင်သို့ ရဲရင့်ရောက်လာခြင်းဖြစ်သည်။

"စင်ဒီ သဘောက ... "

စင်ဒီက ရဲရင့်ကိုလှည့်မကြည့်ဘဲ ကန်ရေပြင်ကိုသာငေးနေရင်း ...

"စင်ဒီ လက်ထပ်ချင်တယ်"

"ဟင် ... ဘယ်လို'

ရဲရင့်က နားမလည်၍မေးလိုက်ခြင်းဖြစ်သည်။

စင်ဒီက အားပျော့သည့်လေသံဖြင့် ...

"စင်ဒီက မြန်မာပြည်မှာတစ်ယောက်တည်းကျန်ခဲ့တာလေ ဒက်ဒီနဲ့မာမီက စင်ဒီတစ်ယောက်တည်းကြာကြာဘယ်စိတ်ချမလဲ ...

အိမ်ထောင်ပြုချင်လည်းပြု မပြုချင်လည်းသူတို့ဆီလိုက်ခဲ့ဖို့ပြောတာ ခက်တာက စင်ဒီ့မှာလက်ထပ်ဖို့ယောကျ်ားမရှိတာပဲ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လို မောင်မျိုး ဒီသတင်းမင်းကြားတာအမှန်ပဲလား"

ရဲရင့်ရဲ့လေသံက အနည်းငယ်မာသွားတာကြောင့် မောင်မျိုးဆိုသည့် ပွဲရုံအလုပ်သမားလေးရဲ့ခန္ဓာကိုယ်တွန့်သွားသည်။

"ဟုတ်တယ် ဆရာ ပွဲရုံတန်းတစ်ခုလုံး ဒီသတင်းပျံ့နေတယ်၊ ဆရာက ကြည်ပြာရင့်ကို မယားငယ်ထားတာတဲ့ ပွဲရုံမန်နေဂျာခန့်သလို တိုက်ခန်းလည်း ငှားပေးထားတယ်တဲ့"

"ဟာကွာ – ဘာတွေလဲကွာ ကြည်ပြာရင့်ကိုအားနာစရာ"

မောင်မျိုးကလည်း အားနာသည့်ပုံဖြင့် ...

"ကျွန်တော်လည်းဆရာ့အကြောင်းသိနေတာပဲ ကြည်ပြာရင့်ကလည်း အလုပ်ကလွဲလို့ ဘာမှစိတ်ဝင်စားတာမဟုတ်ဘူးလေ"

"အဲဒါ ကိုစောသိန်းလက်ချက်ပဲဖြစ်မယ် ဒီလူမဟုတ်တာတွေလျှောက် ပြောနေတယ်နဲ့တူတယ်"

ရဲရင့်ပြောတာကို မောင်မျိုးကခေါင်းညိတ်လိုက်ပြီး ...

"အဲလူပဲနေမှာပေါ့ဆရာ ဟိုတစ်ရက်ကတောင် သူ့ပွဲရုံကိုကောင်မလေး တစ်ယောက်လိုက်လာပြီး ရန်တွေ့သေးတယ်"





"အဲဒါက သူ့အကြောင်းနဲ့သူပဲကွာ ကိုယ့်ကိုမဟုတ်တာပြောတာတော့ ဒေါသဖြစ်တယ်"

"ဂရုစိုက်မနေပါနဲ့ ဆရာရယ်"

မောင်မျိုးကပြော၍ အခန်းထဲကထွက်သွားတော့ စာရင်းစာအုပ်များကို လှန်ကာကြည့်လိုက်သည်။

"ဟင်"

လကုန်ရက်ဖြစ်၍ ကုန်ကျန်ငွေကျန်စာရင်းများ ရေးမှတ်ထားခြင်းမရှိသည်ကိုတွေ့ရသည်။

တခြားကုန်ပစ္စည်းအရောင်းအဝယ်ကိစ္စကြောင့် ပွဲရုံတွင်သူမရှိတာများသည်။

ကြည်ပြာရင့် အလုပ်မလုပ်ဘူးလားဟုတွေးနေစဉ် –

"ဆရာ"

အသံကြား၍ မော့ကြည့်လိုက်တော့ ကြည်ပြာရင့်က ဖိုင်တစ်ခုကိုကိုင်၍ ရဲရင့်အလုပ်ခန်းထဲဝင်လာသည်။

"ထိုင် ကြည်ပြာရင့်"

"အံမြွတ်ခွန်ရုံးကိုသွားတာဆရာ လူများလို့စောင့်ရတာအကြာကြီး"

ရဲရင့်က စာရင်းစာအုပ်ကိုလှန်ရင်း ...

"လချုပ်စာရင်းမလုပ်ရသေးဘူးလား ကြည်ပြာရင့်"

"ဟုတ်တယ်ဆရာ အခုတလောကြည်ပြာအလုပ်တွေများနေလို့ ငယ်ကုန်အော်ဒါတွေအမှာများတယ်လေ"

"အလုပ်များတာတော့ဟုတ်ပါတယ် ကိုယ့်အလုပ်လည်း မလစ်ဟင်း စေနဲ့လေ စာရင်းတစ်ခုမှားသွားရင် အများကြီးဆုံးရှုံးနိုင်တယ်မလား"

"ဟုတ်ကဲ့ပါ ကြည်ပြာ မနက်ဖြန်အပြီးလုပ်ထားပါ့မယ်"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



စာရင်းတွေအများကြီးကို တစ်ရက်တည်းအပြီးလုပ်မယ်ဆိုတော့ ရဲရင့် စိတ်ထဲ ကြည်ပြာရင့်ကြွားတာပဲဟု ထင်လိုက်သည်။

သို့သော် ...

ဘာမှမပြောဘဲ နှုတ်ဆိတ်၍သာနေလိုက်၏။

"ကြည်ပြာကိုခွင့်ပြုပါဦး"

"ဩော် ... အင်း ... အင်း"

ကြည်ပြာရင့် အခန်းပြင်ထွက်သွားပြီး မကြာခင်မှာပဲ ...

"တူ ... တူ"

ဖုန်းသံထမြည်၍ကောက်ကိုင်လိုက်သည်။

"ဟဲလို ... "

"ကိုရဲရင့် စင်ဒီပါ"

"စင်ဒီပြော ... "

"စင်ဒီ ... မနက်ဖြန်မနက် ဖလိုက်နဲ့နိုင်ငံခြားအပြီးသွားတော့မယ်"

"ဟင် ... မြန်လှချည်လား"

"ဟုတ်တယ် ကိုရဲရင့် ... ကိုရဲရင့်ကိုနှုတ်ဆက်ချင်လို့ ဒီည Royal Hotel ကိုလာခဲ့ပါ နှုတ်ဆက်တဲ့အနေနဲ့ နှစ်ယောက်တည်း စားပွဲသောက်ပွဲလေး ကျင်းပချင်လို့"

ရဲရင့်စိတ်ထဲမကောင်း ဘာပဲဖြစ်ဖြစ်စင်ဒီက သူ့အပေါ်ကောင်းခဲ့သည်လေ ...

"ကောင်းပြီလေ လာခဲ့မယ်"

"အိုကေ ... "

တစ်ဘက်မှဖုန်းချသွားတော့ ရဲရင့်လည်း ဖုန်းချလိုက်သည်။

စင်ဒီရယ် ...

ကိုယ့်ကိုနားလည်ပါလို့ ...





ကိုယ့်ရင်ထဲမှာ ကိုယ့်မိန်းမသဒ္ဒါဖြူနဲ့ သမီးလေးကလွဲလို့ ဘယ်သူမှ မရှိပါဘူး ... လို့

◆◆~~◆◆



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ပျက်ဆင်းပျက်နေသည့်
အလောင်းကြီးမှာ မျက်လုံးများပြူး
ထွက်နေလေတော့ . . .

## အခန်း (၉)

## သက်သေခံဓာတ်

သီးသန့်ထားသည့် စားသောက်ခန်းလေးထဲမှာ မှာထားသည့်အစား အသောက်တွေက စားပွဲပေါ်အပြည့် ...

လျှပ်စစ်မီးမပါဘဲ ဖယောင်းတိုင်မီးအလင်းရောင်ကြောင့် စားသောက်ပွဲလေးကတစ်မျိုးဆန်းနေပြန်သည်။

"ကိုရဲရင့် ဘီယာလောက်တော့ သောက်လို့ရပါတယ်နော်"

"ရပါတယ်"

"စင်ဒီလည်းသောက်မယ် နွတ်ဆက်အမှတ်တရ"

"ကိုရဲရင့် အခုလိုညမျိုးကစိတ်ကူးယဉ်စရာကောင်းတယ်လေ"

"ဟုတ်တယ် စင်ဒီ"

စင်ဒီရဲ့မျက်နှာက အတတ်နိုင်ဆုံးပြုံးထားပုံရသည်။ ရဲရင့်ကတော့ တည်ငြိမ်စွာနှင့် ...

"ဟိုရောက်ရင် စင်ဒီဖုန်းဆက်နော်"

" ... "

---

**ရဲရင့်အောင်စာစဥ**

www.burmeseclassic.com

www.burmeseclassic.com



စင်ဒီကနုတ်ခမ်းတွန့်ရုံပြုံးလိုက်၏။ သူ့ရဲ့အပြုံးတွေကနာကျင်လို့ပြုံးတဲ့မျိုးဖြစ်နေသည်။

ဘီယာတွေလည်း တစ်ဗူးပြီးတစ်ဗူးသောက်တာ ဗူးတွေမနည်းတော့။

အချိန်ကလည်းမနည်းတော့ စားလိုက်စကားပြောလိုက်နှင့် ညဉ့်နက်လို့လာသည်။

ရဲရင့်ကတော့ သင့်လောက်ယုံသာသောက်ထား၏။

“ကိုရဲရင့်နဲ့စင်ဒီစကားပြောတာ ဒီညနောက်ဆုံးညပါပဲ စင်ဒီကဆုံးဖြတ်ပြီးရင်ပြင်တတ်တဲ့လူမျိုးမဟုတ်ပါဘူး”

“စင်ဒီကလည်း ကိုယ်တို့မတွေ့ကြမယ့်လူတွေမှမဟုတ်တာ”

“ဟင့်အင်း ... ကိုရဲရင့် စင်ဒီတို့တကယ်မတွေ့ကြတော့ပါဘူး”

“ဟင်း”

ရဲရင့်ကသက်ပြင်းကို ခပ်လေးလေးချလိုက်သည်။

ခဏကြာတော့ လက်ကနာရီကိုကြည့်ပြီး ...

“ပြန်ကြရအောင် စင်ဒီ”

“နေပါဦးရှင် ... ဘာလဲ ရှင်ကစင်ဒီ့မျက်နှာကိုနောက်ဆုံးအနေနဲ့တောင် ကြာကြာမချင်တော့ဘူးလား”

“စင်ဒီကအတော့်ကို မူးနေသည်။

“မဟုတ်ဘူးလေ မနက်စောစော စင်ဒီလေဆိပ်ဆင်းရမယ်မလား”

“ရပါတယ် အဲဒီ့အတွက်စင်ဒီစီစဉ်ပြီးသားပါ မေမျိုးနိုးလိမ့်မယ်

ရှင့်မျက်နှာကိုရသလောက်ကြည့်သွားချင်လို့”

ရဲရင့်ဘာမှဆက်မပြောတော့ စားပွဲပေါ်အစားအသောက်အချို့ကိုသာယူ၍စားလိုက်၏။

“ကိုရဲရင့်ဆီက စင်ဒီတစ်ခုတောင်းမယ်ဆိုရင်ရနိုင်မလား”

“ဘာလဲ စင်ဒီ”

“ကိုရဲရင့်ဓာတ်ပုံလေး အမှတ်တရပေးပါလား”

“ဟင်”

ရဲရင့်အကျပ်ရိုက်သွားသည်။ သူ့မှာဓာတ်ပုံရိုက်ထားတဲ့သီးသန့်မရှိ။ ပွဲရုံလိုင်စင်ဆောင်စဉ်က ရိုက်ထားသည့်ပတ်(စ်)ပို့ဓာတ်ပုံသာရှိသည်။

ယိုဓာတ်ပုံက ပိုက်ဆံအိတ်ထဲမှာရှိတာကြောင့် အပေါ်ကုတ်အင်္ကျီထဲက ပိုက်ဆံအိတ်ကိုရှာလိုက်သည်။

“ဟင်”

ပိုက်ဆံအိတ်ကိုရှာမတွေ့။

မတ်တတ်ထရပ်ကာရှာသော်လည်း မတွေ့၍ ...

“ပိုက်ဆံအိတ် ပွဲရုံကအခန်းမှာကျန်ခဲ့ပြီနဲ့တူတယ်”

“ကိုရဲရင့် စင်ဒီကိုမပေးချင်လို့အကြောင်းပြတာလား”

စင်ဒီကရိသဲ့သဲ့နှင့်မေးလိုက်ရာ ...

“မဟုတ်ဘူး စင်ဒီ ကိုယ့်အလုပ်စားပွဲပေါ်မှာကျန်ခဲ့တာ”

“ကိုရဲရင့် ဓာတ်ပုံတော့ပေးချင်ပါတယ်နော်”

“ပေးချင်ပါတယ် ... ”

“ပေးချင်ရင် ဖြစ်အောင်ပေး စင်ဒီစောင့်ယူမယ်”

“အင်း”

ဘာပဲဖြစ်ဖြစ် စင်ဒီရဲ့ဆန္ဒတစ်ခုကိုတော့ဖြည့်ပေးလိုက်မည်ဟုဆုံးဖြတ်၍

“စင်ဒီခဏလေးစောင့် ကိုယ်ပွဲရုံသွားယူလိုက်မယ်”

“ကောင်းပါပြီရှင်”

ရဲရင့်လည်း ပိုက်ဆံအိတ်ယူရန်အတွက် ဟိုတယ်မှထွက်ကာလာခဲ့လေတော့သည်။

◆◆ ◆◆



ဒိုရှင်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"ဟာ … ဘယ်လိုဖြစ်တာလဲ"

ပွဲရုံရောက်တော့ လူတွေစုစုဖြစ်နေတာကိုတွေ့ရ၍အံ့သြသွားပြီး အထဲသို့ဝင်လာရာ လူတွေရဲ့မျက်လုံးအကြည့်တွေက သူ့အပေါ်ရောက်လာသည်။

"ဟင်"

လုံးဝထင်မှတ်မထားသည့် မြင်ကွင်းတစ်ခု …

သူ့ရုံးခန်းထဲစားပွဲရှေ့တွင် ကြည်ပြာရင့်တစ်ယောက်သွေးအိုင်ထဲတွင် လဲနေသလို ဘေးနားတွင်လည်းကြည်ပြာရင့်မိခင် ဒေါ်ကြည်စန်းလဲကျသေဆုံးနေ၏။

သူတို့ရှေ့မှာတော့ သူ့ပိုက်ဆံအိတ် …

"တော်တော်အတင့်ရဲတာပဲ … "

"အတင့်ရဲတာမဟုတ်ဘူး သူ့ပိုက်ဆံအိတ်ကျန်ခဲ့လို့လာ ပြန်ယူတာနေမှာပေါ့ ပိုက်ဆံအိတ်ကသက်သေပဲလေ"

"ဒီလူ အေးမလိုလိုနဲ့ကောင်မလေးကို အချိန်ပိုဆင်းခိုင်း မတရားကြံမလို့ပဲနေမှာ ဟိုကလက်မခံလို့သတ်တာနေမှာပေါ့"

"ကောင်မလေးအမေရောက်လာလို့ သူပါသတ်လိုက်တာဖြစ်မယ်"





တစ်ယောက် တစ်မျိုးဝေဖန်သံကြောင့် ရဲရင့်ဘာလုပ်ရမှန်းမသိ … အလောင်းနှစ်လောင်းရှေ့မှာ ကြောင်ပြီးမတ်တတ်ရပ်ကာနေသည်။

ထိုစဉ် …

"ဒီလူပဲ ဆရာ ကောင်မလေးနဲ့သူ့အမေကိုသတ်လိုက်တာ"

ကိုစောသိန်းရဲ့အသံက သူ့နားထဲတိုးဝင်းလာစဉ် ရဲအရာရှိက သူ့ဘေးနားတိုးကပ်လာကာ လက်ထိပ်ခတ်လိုက်သည်။

"ကျွှပ် … ကျုပ်ကို ဘာလို့ဖမ်းတာလဲ"

"စခန်းရောက်မှပြောကြတာပေါ့၊ ကဲ … လုပ်စရာရှိတာအကုန်လုပ်ကြ ငါသူ့ကိုစခန်းခေါ်သွားမယ်"

ရဲအရာရှိကသူ့ကိုပြောပြီး သူ့အဖွဲ့သားများဘက်လှည့်ကာလှမ်းပြောလိုက်သည်။

"ကျုပ် … သူတို့ကိုသတ်တာမဟုတ်ဘူး"

"လာပါ … အမှန်အတိုင်းဖြစ်ရမှာပေါ့ ခင်ဗျားတပည့်မောင်မျိုးရဲ့စစ်ချက်လည်းရထားပြီးပြီ"

"ဟင် … မောင်မျိုးကဘာပြောလဲ ကျုပ်အခုမှရောက်လာတာလေ ပိုက်ဆံအိတ်ကျန်ခဲ့လို့လာပြန်ယူတာ"

"မောင်မျိုးက ခင်ဗျားကောင်မလေးကို မတရားကြံဖို့လုပ်တာငြင်းလို့ သံတုတ်နဲ့ရိုက်သတ်တာတဲ့ …

သူ့အမေရောက်လာတော့ သူ့အမေကိုပါ သတ်လိုက်တယ်လို့စခန်းမှာ တိုင်ချက်လာဖွင့်တယ်"

"ဗျာ"

ရဲရင့်ခေါင်းတစ်ခုလုံးလည်ထွက်သွားသည်။ မျက်လုံးတွေလည်းပြာဝေသွားသ လို ယိုင်သွားသည့်ခြေထောက်ကိုမနည်းထိန်းလိုက်ရသည်။

ဆိုးလိုက်သည့် ကံတရား

ခုတော့ …



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ် သူမသတ်ခဲ့ဘူးဆိုတာ သူကိုယ်တိုင်ပဲသိသည်လေ။

အကွက်ကျကျစီမံခဲ့တဲ့ လူသတ်သမားဟာ ဘယ်သူလဲ သူ့ခေါင်းက အကြိမ်ကြိမ်စဉ်းစားနေမိသည်။

♦♦ ♦♦



"ငါသူ့ကိုသတ်တာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

## အချုပ်ထဲကတရားခံ

"ဝင့်ထယ်ရေ ... ဝင့်ထယ်"

ထူးကျော်က အိမ်ဝမှအတင်းအော်ခေါ်သံကြောင့် ထမင်းစားနေသည့် တိမ်ဝင့်ထယ် ထမင်းပန်းကန်ကိုချကာ အိမ်ရှေ့သို့ထွက်လာခဲ့သည်။

"ဘာလဲ ... ထူးကျော် နင့်အသံကပြာလှချည်လား"

"အရေးတကြီးပြောစရာရှိလို့ ဝင့်ထယ်၊ နင်နာမည်ကြီးမယ့်ကိစ္စပါ"

ထူးကျော်က ဧည့်ခန်းထဲကထိုင်ခုံမှာဝင်ထိုင်ရင်းပြောတော့ တိမ်ဝင့်ထယ်က ...

"ဘာကိစ္စလဲ မြန်မြန်ပြော"

"ပွဲရုံဆာန်းမှာ လူသတ်မှုဖြစ်တယ် တစ်ယောက်ထဲကတောင်မဟုတ်ဘူး နှစ်ယောက်ကိုသတ်တာ တရားခံကတော့သေဒဏ်ကျမှာသေချာတယ်"

"အေးလေ အဲဒါ ငါနာမည်ကြီးမှာနဲ့ဘာဆိုင်လို့လဲ"

တိမ်ဝင့်ထယ်က မျက်နှာကိုမဲ့ကာပြောလိုက်၏။

"ဟာ နင်ဉာဏ်နည်းလှချည်းလား။ အဲဒီအမှုနင်လိုက်လေ လူတိုင်းစိတ်ဝင်စားတဲ့အမှု တရားခံလွတ်အောင် နင်လိုက်နိုင်ရင်နာမည်ကျော်သွားမှာနော်"





"ထူးကျော်ရယ် လူသတ်တာထင်ရှားနေရင်လိုက်လည်း အနိုင် ဘယ်နိုင်မလဲ"

ထူးကျော်ကတော့ ကတ်ကြေးစွာနှင့် ...

"သတ်တဲ့လူတိုင်းမှာ သူ့အကြောင်းနဲ့သူတော့ရှိတယ် နင်ကဖြည်းနိုင်သလောက်ဖြည်လိုက် အကျက်ကောင်းတွေ့ရင်နိုင်ပြီပေါ့"

"အင်း ... ငါကဘာအမှုမှလိုက်ဖူးတာမဟုတ်ဘူး စဉ်းစားဦးမယ်"

"စဉ်းစားမနေနဲ့ ဉာဏ်ဆောအုပ်တွေလေ့လာထား ရှေ့တစ်ပတ်ရုံးတင်မှာ ငါ့သူငယ်ချင်းရဲခန့်ထမ်းကပြောတယ်"

"တရားခံက ... "

"ကိုရဲရင့်တဲ့ ပွဲရုံပိုင်ရှင်ပဲအရမ်းချမ်းသာတာ၊ ဒါပေမယ့် သူမသတ်ဘဲ အတွက်ရှေ့နေမငှားဘူးလို့ပြောတယ်

နင်က သူ့အမှုကိုသူ့ဘက်ကနေရအောင်လိုက်ပေးမယ်ဆိုတာစည်းရုံးရမယ်"

"နင်ကလည်း သူ့ကိုယ်တိုင်ကောင်ရှေ့နေမငှားတာ"

ထူးကျော်က အပြစ်တင်သည့်လေသံဖြင့် ...

"ကိုရဲရင့်အတွက်လိုက်ပေးတယ်ဆိုတာထက် နင်နာမည်ကြီးဖို့ပုပ်မှာ ဒီလိုအမှုမျိုးဆိုတာဖြစ်ခဲတယ် ...

နင်ကြိုးစားစမ်းပါ ဝင့်ထယ်ရယ် ... ဒါမှနင့်အဖေနင့်ကိုအထင်ကြီးမှာလေ"

"နင်ပြောတာ ဟုတ်တော့ဟုတ်ပါတယ် ဒက်ဒီကိုတော့ငါ့အစွမ်းပြချင်တယ်"

"လုပ်စမ်းပါ ဝင့်ထယ် လိုအပ်တဲ့အချက်အလက်တွေနဲ့ တရားခံနဲ့ နင်တွေ့လို့ရအောင် ငါစီစဉ်ပေးမယ်"

တိမ်ဝင့်ထယ်ကငြိမ်ရှစဉ်းစားပြီးမှ ...

"ဟုတ်ပြီလေ ... ငါနင်ပြောတဲ့လူသတ်မှုကိုလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုမှ ငါ့သူငယ်ချင်းကွ"

ထူးကျော်က အားရသည့်လေသံဖြင့်ပြောကာ တိမ်ဝင့်ထယ်အား လက်မထောင်ပြတော့ တိမ်ဝင့်ထယ်လည်း လက်မပြန်ထောင်ပြလိုက်သည်။

♦♦ ♦♦



"ဒုန်း ... ဂျိမ်း ... "

အချုပ်ခန်းထဲဝင်သည့် အဝင်တံခါးကြီး၏အသံကကျယ်လောင်စွာထွက်ပေါ်လို့လာ၏။

အရေးကြီးသည့်တရားခံဖြစ်တာကြောင့် လုံခြုံစိတ်ချရသည့်အချုပ်တွင် အခန်းတစ်ခန်း၌တစ်ယောက်ထဲ သီးသန့်ထားသလို အချိန်ပြည့်ရဲဝန်ထမ်းတစ်ယောက်က စောင့်ကြည့်နေသည်။ အပေါ်အင်္ကျီအနက် ထမိန်အနက်နှင့်လက်ထဲတွင် အချက်အလက်များရေးထားသည့် ဖိုင်ကိုပိုက်ကာ တိမ်ဝင့်ထယ် တရားခံကိုတွေ့ရန်အခန်းထဲသို့ဝင်လာသည်။

" တရားခံကိုအပြင်ကပဲတွေ့ပါလား ဆရာမ၊ဆရာမအတွက်အန္တရာယ်ဖြစ်မှာစိုးလို့ပါ"

ရဲဝန်ထမ်းက စေတနာဖြင့်သတိပေးစကားပြော၏။

"ရပါတယ် ကျွန်မသူ့အတွက်အလုပ်လုပ်ပေးမယ့်သူပဲ သူနဲ့မျက်နှာချင်းဆိုင်ပြောမယ်"

တိမ်ဝင့်ထယ်ကအချုပ်ခန်းထဲဝင်တော့ ကွပ်ပျစ်ပေါ်တွင်ထိုင်နေသည့်ခုံက တိမ်ဝင့်ထယ်အားမော့ကြည့်လိုက်သည်။

တိမ်ဝင့်ထယ်က ရဲရင့်ရှေ့မတ်တတ်ရပ်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မနာမည်တိမ်ဝင့်ထယ်ပါ ရှင့်အမှုအတွက်ရှင့်ဆီကခွင့်ပြုချက် လာတောင်းတာပါ"

ရဲရင့်က မျက်နှာကိုတစ်ဘက်သို့လွှဲထားလိုက်သည်။ ဘာစကား လည်း ပြန်မဖြေ ...

တိမ်ဝင့်ထယ်ကပဲ ဆက်၍ ...

"ရှင့်ကိုရဲ့ကစစ်တဲ့ စစ်ချက်တွေကျွန်မအကုန်ဖတ်ပြီးပါပြီ၊ ရှင်က ရှင်မသတ်ပါဘူးလို့ ငြင်းဆိုထားတယ်၊ အမင်းဖြစ်တဲ့အချိန်မှာ ရှင်ကရှင့်မိတ်ဆွေ စင်ဒီလို့ခေါ်တဲ့ အမျိုးသမီးနဲ့ Royal Hotel မှာစားသောက်နေတယ်လို့ထွက်ဆို တော့ စင်ဒီဆိုတဲ့အမျိုးသမီးက ဒီအမှုမှာအဓိကလိုအပ်တဲ့ သက်သေဖြစ်နေ တယ် ...

စင်ဒီဘယ်မှာရှိလဲ ဒါမှမဟုတ် စင်ဒီကရုံးတော်မှာလာထွက်ဆိုပေး ဖြစ်မယ်"

လေသံကိုအတတ်နိုင်ဆုံးတည်ငြိမ်အောင် ပြောနေပေမယ့် တိမ်ဝင့် ထယ် အသံကတုန်ချင်နေသည်။ ရဲရင့်ကတော့ မတုန်မလှုပ် ခေါင်းလည်းမ ညိတ်လည်းမညိတ် ...

"ရှင့်ပွဲရုံအလုပ်သမားက ရှင်သတ်တာကိုမြင်တယ်လို့ထွက်ထားတယ် ကျွန်မသိချင်တာက ရှင် ကြည်ပြာရင့်ဝဠ်သားအမိကို တကယ်သတ်မသတ် ဆိုတာပဲ"

တိမ်ဝင့်ထယ်စကားကြောင့် ရဲရင့်မျက်နှာခက်ထန်သွားပြီး ထိုင်နေရာ မှ မတ်တတ်ထရပ်ကာ တိမ်ဝင့်ထယ်နှင့်မျက်နှာချင်းဆိုင်လိုက်ပြီး ...

ရင်ထဲကထွက်လာသည့် လေသံပြင်းပြင်းနှင့် ...

"ငါ ... လုံးဝ ... မသတ်ဘူး"

"ဟင်"

ရဲရင့်၏အပြုအမူကြောင့် တိမ်ဝင့်ထယ်နောက်သို့ခြေနှစ်လှမ်းခန့်ဆုတ် လိုက်ရသလို ထိတ်လန့်လို့သွား၏။ ရဲရင့်က တိမ်ဝင့်ထယ်ကို မူးစိုက်ကြည့်





ကျယ်လောင်စွာနှင့် ...

"မင်းလို နို့နံ့မစင်သေးတဲ့ ကလေးသာသာအရွယ်က ငါ့အမှုကိုလိုက် ပေးမယ်ဟုတ်လား အကွက်ကျကျတရားခံဖြစ်အောင်ချောက်တွန်းခံလိုက်ရတာ မင်းသိလား"

အော်လိုက်ရာ ရဲပန်ထမ်းက ရဲရင့်နှင့်တိမ်ဝင့်ထယ်ကြားဝင်၍ရပ် ပြီး

"ဆရာမ ... တရားခံက ဆရာမစေတနာကိုနားမလည်ဘူး။ သူ့ အတွက် အလုပ်လုပ်ပေးမနေပါနဲ့"

တိမ်ဝင့်ထယ်က သူ့ကိုတရားခံက အားကိုးတကြီးနှင့်ရှိလိမ့်မည်ထင်ခဲ့ ရာ တကယ့်လက်တွေ့မှာတော့ အလွဲကြီးလွဲလို့သွားသည်။

သူ့ကိုကောင်းမွန်စွာမဆက်ဆံသည့်အပြင် ရင့်သီးသည့်စကားလုံးများ ဖြင့် ပြောသောကြောင့် စိတ်ဓာတ်ကျလို့သွားလေ၏။

သို့သော် ...

"ဒီအမှုကိုနိုင်ရအောင်လိုက် အဲ့လို လူစိတ်ဝင်စားတဲ့ အမှုကိုလိုက်မှ နင့်နာမည်ကြီးမှာ"

ထူးကျော်ရဲ့ စကားသံတွေကနားထဲသို့ တိုးဝင်လို့လာသည်။

စိတ်ကိုအတတ်နိုင်ဆုံးငြိမ်အောင်ထား၍ ...

"ကိုရဲရင့်က ချောက်တွန်းခံရတာဆိုရင် ကိုရဲရင့်ကိုချောက်တွန်းတာ ဘယ်သူလဲ"

"မသိဘူး"

ရဲရင့်ကတုံးတိတိဖြေလိုက်၏။ တိမ်ဝင့်ထယ်က တည်တည်ငြိမ်ငြိမ် လေသံနှင့် ...

"ကောင်းပြီလေ ကိုရဲရင့် လူသတ်တရားခံမဟုတ်ဘူးဆိုတဲ့ အဓိက အကျဆုံးသက်သေအမှုတစ်ခုလုံးရဲ့ အရေးအကြီးဆုံးလူက စင်ဒီဖြစ်နေတယ်

စင်ဒီကို ဘယ်လိုဆက်သွယ်ရမလဲ ကိုရဲရင့်ပြောပါလား"



www.burmeseclassic.com

www.burmeseclassic.com



"စင်ဒီကို ... "

ရဲရင့်ရဲ့ ပါးစပ်ကစကားကိုတစ်လုံးချင်းထွက်လို့လာသည်။ တိမ်ဝင့်ထည်ကအားတက်သွားပြီး ...

"ဟုတ်တယ် ကိုရဲရင့် စင်ဒီဘယ်မှာရှိလဲ ကိုရဲရင့်ပြောလိုက်ကျွန်မလိုက်တွေ့လိုက်မယ်"

ရဲရင့်က အရုပ်ကြိုးပြတ်ကွပ်ပျစ်ပေါ်ထိုင်ချလိုက်သည်။

"စင်ဒီက နိုင်ငံခြားအပြီးထွက်သွားပြီ သူ့လိပ်စာလည်းမသိဘူး"

"နိုင်ငံသိလား ... ကျွန်မကြိုးစားမယ်လေ"

"မသိပါဘူးဗျာ ဖြစ်နိုင်ရင်ခင်ဗျားသွားပါတော့ ကျွန်တော်တစ်ယောက်တည်းနေချင်လို့ပါဗျာ ... "

"ဟင်း"

တိမ်ဝင့်ထယ်က သက်ပြင်းကိုချလိုက်ပြီး ရဲရင့်ရှေ့ငုတ်တုတ်ထိုင်ကာ . . .

"ရှင့်အမှုအတွက် ကျွန်မကိုရှေ့နေလိုက်ခွင့်ပေးပါ"

ရဲရင့်ကစိတ်ပျက်စွာခေါင်းကုတ်လိုက်ပြီး ...

"ခင်ဗျားနာမည်ပျက်မှာပေါ့ ကျွန်တော်ကကျိန်းသေ သေဒဏ်ကျမှာ"

"အားမလျှော့ပါနဲ့ ကိုရဲရင့် ကျွန်မအစွမ်းကုန်ကြိုးစားပါ့မယ်"

ရဲရင့် ကြမ်းပြင်ကို ရီဝေစွာကြည့်၍ခေါင်းကိုခပ်လေးလေးခါလိုက်သည်။

ပြီးမှ ...

"ခင်ဗျား ... ကျွန်တော့်ကိုစေတနာရှိရင် ကျွန်တော်သေသွားတဲ့အခါ ကျွန်တော့်သမီးလေးကို ကိုယ့်သွေးသားလိုစောင့်ရှောက်ပေးပါ"

"ရှင် ... "

တိမ်ဝင့်ထယ် ရင်ခုန်သံမြန်သွားသည်။ သေဒဏ်ကျခံရနိုင်သည့်





တရားခံရဲ့သမီးလေး ...

သူ့ထက်အခြေအနေပိုဆိုးမည့်သူဖြစ်နိုင်၏။

မိဘမဲ့ဘဝနဲ့ ကြီးရတော့မည်။

တိမ်ဝင့်ထယ် ဆုံးဖြတ်ချက်ကိုချပြီး ...

"ရှင်ပြောတာကို ကျွန်မလက်ခံပါတယ် ကျွန်မပြောတာ ... "

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

တိမ်ဝင့်ထယ်က ရဲရင့်အားနှုတ်ဆက်ကာအခန်းထဲမှ ထွက်လာခဲ့လေတော့သည်။

♦♦ ♦♦



www.burmeseclassic.com

www.burmeseclassic.com

အရေးကြီးဆုံး သက်သေနှင့်
အဆက်အသွယ်ရသောအခါ . . .

## အခန်း (၁၁)
## စီရင်ချက်ချမည့်နေ့

စားပွဲပေါ်မှာ စာအုပ်ကြီးများစာရွက်စာတမ်းများဖြင့် အလုပ်ရှုပ်နေသော တိမ်ဝင့်ထယ်အား ဒက်ဒီက ...

"သမီးရယ် သမီးအရမ်းပင်ပန်းနေပါပြီ၊ ဒက်ဒီကြားရသလောက်က တရားခံဘယ်လိုမှမလွတ်နိုင်ပါဘူး"

တိမ်ဝင့်ထယ်က ကြည့်လက်စ စာရွက်ကိုဘေးသို့ချ၍ ...

"သမီးကြိုးစားကြည့်ဦးမယ် ဒက်ဒီ၊ စင်ဒီဆိုတဲ့အမျိုးသမီးကိုတွေ့ရင် တရားခံလွတ်ပြီ"

"သမီးကတော့ အလျှော့ပေးမယ့်ပုံမှာမရှိဘူး၊ တရားသူကြီးက အမိန့်ပဲချတော့မယ်မလား"

"တရားခံသက်သေလိုနေလို့ ခဏဆိုင်းပေးပါလို့ပြောထားတယ်"

ဒက်ဒီက ခေါင်းကိုခါရမ်းရင်း ...

"ဘယ်အချိန်ထိဆိုင်းပေးမှာလဲ သမီးရယ်၊ တရားစီရင်တယ်ဆိုတာ အမှန်တကယ်ဖြစ်ခဲ့တာတွေကို အပြန်ပြန်သုံးသပ်ပြီးစီရင်ချက်ချခဲ့တာလေ



www.burmeseclassic.com

www.burmeseclassic.com



သမီးရဲ့လိုအပ်မှုကိုအချိန်အကြာကြီးစောင့်မှာမဟုတ်ဘူး''

ဒက်ဒီပြောတာမှန်နေ၍ တိမ်ဝင့်ထယ်ပြန်မပြောနိုင်။ မေးကိုလက်နှင့်ထောက်ကာ စဉ်းစားလို့နေသည်။

ဒက်ဒီကဆက်၍ ...

''ဟိုတယ်က ဝန်ထမ်းတွေကိုစုံစမ်းကြည့်သေးလား သမီး''

''သူတို့ပြောတာ ကိုရဲရင့်ဟိုတယ်က ပြန်သွားတယ် ဆရာဝန်စစ်ချက်မှာက ကိုရဲရင့်ဟိုတယ်ကထွက်သွားပြီးမှသေတာ''

''ဒီလိုဆိုလည်း စင်ဒီဆိုတဲ့ အမျိုးသမီးသက်သေခံလည်း ဘာအကျိုးထူးမှာလဲ''

တိမ်ဝင့်ထယ်က ပျာပျာသလဲဖြင့် ...

''မဟုတ်ဘူး ဒက်ဒီ ... စင်ဒီနိုင်ငံခြားသွားရင်ယူသွားဖို့ ကိုရဲရင့်က ကျန်ခဲ့တဲ့ပိုက်ဆံအိတ်ကို ပွဲရုံပြန်ယူတာ လူသတ်ပြီး ကျန်နေခဲ့တာမဟုတ်ဘူး''

''ဒက်ဒီလည်း သိပ်နားမလည်ပါဘူး။ သမီးပင်ပန်းလွန်းလို့ပြောတာပါ အခုအခါထဲကအကောင်းပဲဆိုရမလား အခုလိုနာမည်ကြီးအမှုကို လိုက်တဲ့သမီးကို ဂျာနယ်တွေက အရေးတယူရေးနေကြတယ်''

ဒက်ဒီက ဂုဏ်ယူစွာပြော၏။ တိမ်ဝင့်ထယ်က အမှုသွားအမှုလာကို အထပ်ထပ်ဖတ်နေသည်။

သတင်းစာထဲမှာလည်း ကိုရဲရင့်၏မိတ်ဆွေ စင်ဒီ ... ရှေ့နေမလေး တိမ်ဝင့်ထယ်ကို ဆက်သွယ်ပါဆိုတာကို နေ့စဉ်ထည့်သည်။

ဖုန်းနံပါတ် လိပ်စာကိုဖော်ပြထားသော်လည်း စင်ဒီက ဒီနေ့ထိ သူ့ကို ဆက်သွယ်ခြင်းမရှိပါ။

ဘယ်လိုပဲဖြစ်ဖြစ် ...

ကိုရဲရင့်စကားကိုတော့သူယုံသည်။

သို့သော် ...





တရားဥပဒေဆိုတော့ တိကျခိုင်လုံရေးသာ အဓိကဖြစ်တာကြောင့် တိမ်ဝင့်ထယ်အကြိမ်ကြိမ်သက်ပြင်းချမိလေတော့သည်။

◆◆ ◆◆



www.burmeseclassic.com

www.burmeseclassic.com

စီရင်ချက်ချမည့်နေ့ ...

တိမ်ဝင့်ထယ်လည်း အကောင်းဆုံးကြိုးစားသော်လည်း ကံမကောင်းတဲ့ ရဲရင့်တစ်ယောက် လွတ်မြောက်ဖို့လမ်းမရှိခဲ့ ...

ရွှေ့နေဆိုတော့လည်း တရားခံဆီကိုသွားရမည်လေ ...

ကိုရဲရင့်ကို တိမ်ဝင့်ထယ်ကတိပေးထားသည့်အတိုင်း သူ့သမီးလေးကို စောင့်ရှောက်တာဝန်ယူမယ်လို့ ဆုံးဖြတ်ထားသလို ကိုရဲရင့်စိတ်အေးစေရန် အမိန့်ချပြီးပါက ထပ်မံကတိပေးမည်ဟုတွေးထားသည်။

တရားရုံးသွားဖို့ပြင်ဆင်နေစဉ် ...

“တူ ... တူ ... ”

အိမ်ရှေ့ဧည့်ခန်းထဲက ဖုန်းယမြည်လာ၍ကိုင်လိုက်သည်။

“ဟဲလို ... ”

“ရှေ့နေ တိမ်ဝင့်ထယ်ပါလား စင်ဒီပါ”

“ဟင် ... ”

တိမ်ဝင့်ထယ်ပွန်းစွာဝမ်းသာသွားသည်။ ဖုန်းသံကလည်း တိုးလျှ လွန်း၏။





“စင်ဒီ ဘယ်မှာလဲ ကျွန်မဆီကိုအမြန်လာပါ ကိုရဲရင့်ကို ဒီနေ့အမိန့် ချမှာလေ”

“စင်ဒီကအဝေးကြီးမှာ ရောက်အောင်တော့လာမယ်လေ ဒီနေ့တော့ ရောက်မှာမဟုတ်ဘူး အနည်းဆုံးငါးရက်ကြာမယ်”

“ဟုတ်ပြီ ကျွန်မကြိုးစားမယ် ... ဟင်”

“တီ ... တီ ... ”

ဖုန်းကပြတ်လို့သွားသည်။ နောက်ထပ်လည်း ဖုန်းထပ်ဝင်မလာ တော့ ... တိမ်ဝင့်ထယ်ရင်ထဲ အလွန်ပျော်လို့သွား၏။

စင်ဒီကရောက်လာတော့မည်။

စင်ဒီ ပါးစပ်ကထွက်ဆိုချက်ဟာ အမှုတစ်ခုလုံးအတွက် အရေးပါဆုံး စကားလုံးတွေမလား ...

မရေမရာထွက်ဆိုသည့် ဟိုတယ်ဝန်ထမ်းတွေရဲ့ စကားထွက်ဆိုချက် တွေက အရာမထင်ခဲ့။

လက်ဆွဲအိတ်ကိုဆွဲကာ အိမ်ထဲမှတပ်ကြွသောခြေလှမ်းဖြင့်ထွက်လာ သည်။ ကားပေါ်သို့အိတ်တင်ပြီး ကားစက်နှိုးကာထွက်လာရင်း အတွေးထဲ၌ ကိုရဲရင့်မျက်နှာကိုပြေး၍ မြင်တော့ပြုံးမိသည်။

စင်ဒီနှင့်အဆက်အသွယ်ရကြောင်း ကိုရဲရင့်ကိုပြောလျှင် ကိုရဲရင့် ဘယ်လောက်ကြွယ်ချမ်းသာမလဲ ...

ကားကိုအရှိန်မြှင့်၍ မောင်းလာရင်းလမ်းချိုးတစ်ခုကိုကွေ့လိုက်သော အခါ ...

“ဟာ ... ”

“အို ... ”

သူ့ကားကို ခရီးသည်တင်ကားတစ်စီးက အရှိန်ဖြင့်တိုက်မိလေတော့ သည်။

♦♦ ♦♦



www.burmeseclassic.com

www.burmeseclassic.com

ရထားပေါ်တွင် တွေ့ရသူလူကြီးရဲ့
ကြောက်မက်ဖွယ်မျက်လုံးတွေက ...

## အခန်း (၁၂)
## တွဲစောင့်ကြီး

"ဟင်"

တိမ်ဝင့်ထယ်သတိရတော့ လက်မှနာရီ၏ရက်စွဲကိုကြည့်မိသည်။

"ဟာ ... ဆယ့်သုံးရက်နေ့တောင်ဖြစ်နေပြီ ... ကိုရဲရင့်ကိုအမိန့်ချတာ ကိုးရက်နေ့ ... ဘုရား ... ဘုရား သုံးရက်တောင်ကျော်နေပြီ ကိုရဲရင့်ထောင်မှာပဲရှိမှာ ငါလိုက်သွားမယ်"

ခုတင်ပေါ်ကဆင်းကာ နောက်သို့ လှည့်မကြည့်တဲ့ဆေးရုံလူနာခန်းထဲမှ ထွက်လာခဲ့သည်။

ကံကောင်းချင်တော့ ဆေးရုံဝန်ထမ်းများက သူ့ကိုမမြင် ဆေးရုံထဲမှ ခပ်သုတ်သုတ်ထွက်လာရင်း အပြင်ရောက်တော့ ပတ်ဝန်းကျင်တစ်ခုလုံးမဲမှောင်နေ၏။

" Taxi တွေလည်း တစ်စီးမှမတွေ့ဘူး ဘယ်လိုလုပ်ရမလဲ မထူးပါဘူး ဘာဝေးတာမှတ်လို့ လမ်းလျှောက်သွားမယ်"

ကိုယ့်ဘာသာတွေးရင် မြန်မြန်လျှောက်သွားလျှင်ရောက်တော့မဲ့မှာ တွေးကာ လမ်းလျှောက်၍လာခဲ့သည်။ ထူးခြားတာက လုံးဝမောပန်းခြင်းမရှိ



www.burmeseclassic.com

www.burmeseclassic.com



အလင်းအားပျော့သော လမ်းမီးအလင်းတိုင်အောက်တွင် လမ်းလျှောက်လာရာ နာရီဝက်ခန့်ကြာသောအခါ အုတ်တံတိုင်းအမြင့်ကြီးမှာ ကာရံထားသည့် ထောင်ကြီးကိုတွေ့လိုက်ရသည်။

ထောင်ကြီးထဲမဲမှောင်၍နေသည်။ တိမ်ဝင့်ထယ်လည်း ဘာဆက်ရမှန်းမသိ မတ်တတ်ရပ်၍ထောင်ကြီးကိုကြည့်နေမိသည်။

ထိုစဉ် ...

"ဟင်"

ထောင်၏အုတ်တံတိုင်းမှ မဲမဲသဏ္ဌာန်အရိပ်တစ်ခုပြေးထွက်လာသည်ကိုတွေ့ရသည်။

ထိုအရိပ်က ဟိုဟိုဒီဒီလိုက်ကြည့်ရင်း တိမ်ဝင့်ထယ်ကို တွေ့သွား၍ သူ့ဆီပြေးကာလာသည်။

အနားရောက်တော့ ...

"ဟင် ... ကိုရဲရင့် ... "

"ဟာ ... တိမ်ဝင့်ထယ်ပါလား"

တိမ်ဝင့်ထယ် အံ့ဩသွားသလို အလွန်ဝမ်းသာသွားမိ၏။

"ကို ... ကိုရဲရင့် ထောင်ထဲက ဘယ်လိုထွက်လာတာလဲ"

ရဲရင့်ကပြုံးလိုက်ပြီး ...

"ကိုယ့်ကိုနှောက်ယှက်အကြီးကြီးနဲ့ မဲမဲလူကြီးကမင်းသွားတော့ နောက်ကိုလှည့်မကြည့်နဲ့ပြေးဆိုလို့ ပြေးထွက်လာတာ"

"ဟင် ... ရှင် အမှုကစီရင်ချက်ချပြီးပြီမလား"

"ချပြီးပြီလေ သေဒဏ်တဲ့"

တိမ်ဝင့်ထယ်က စိုးရိမ်စိတ်တွေဝင်လို့သွားသည်။ သေဒဏ်ကျတာရှားခံက အခုတောင်အပြင်ရောက်နေပြီ ...

"ရှင် ... အခုထောင်ထဲက ထွက်လာတာ အပြစ်ပိုကြီးမှာပေါ့"

"ကိုယ် ဘာမှမသိတော့ဘူး ကိုယ် ကိုယ့်သမီးလေးကိုတွေ့ချင်တယ်





တိမ်ဝင့်ထယ်"

"ဖြစ်မလား ကျွန်မစင်ဒီနဲ့အဆက်အသွယ်ရပြီ သူရောက်လာတော့မှ ရှင်လွတ်မြောက်ဖို့ကျွန်မကြိုးစားမယ်လေ"

ရဲရင့်က အားလျော့သည့်လေသံနှင့် ...

"ကိုယ် အခုလည်းလွတ်လာပြီပဲ ကိုယ့်သမီးလေးဆီကိုသွားမှာ"

"ရှင့်သမီးရှိတဲ့မြို့က အဝေးကြီးပဲ၊ ပြီးတော့ ရှင့်ကိုလူတွေမြင်ရင် ဘယ်လိုလုပ်မလဲ"

ရဲရင့်ရဲ့မျက်နှာက အနည်းငယ်တည်လို့သွားသည်။

"မမြင်အောင်သွားရမှာပဲ ဖုန်းမပြောတာလည်းကြာပြီဆိုတော့ သမီးလေး ကိုယ့်ကိုမျှော်နေမှာ"

"အင်း ... ရှင် ဆန္ဒပြင်းပြနေတယ်ဆိုရင်သွားပေါ့၊ ရှင့်ကို ကျွန်မ စိတ်မချပါဘူး ကျွန်မလည်းလိုက်ခဲ့ပါ့မယ်"

"ခရီးကအဝေးကြီး ... "

"ဝေးပါစေ ကျွန်မလိုက်မယ်"

တိမ်ဝင့်ထယ်က ဖွတ်တရွတ်ပြောတော့ ရဲရင့်က ...

"အေးလေ ... မင်းလိုက်ချင်းလည်းလိုက်ခဲ့ ဟိုမှာက ရန်ကုန်လို ပျော်စရာမကောင်းဘူး"

"ကိစ္စမရှိပါဘူး ကျွန်မရှင့်သမီးလေးကိုတွေ့ချင်နေတာ"

"ဟုတ်ပြီ ... လာ သွားရအောင်"

ရဲရင့်က ရှေ့ကထွက်သွားတော့ တိမ်ဝင့်ထယ်လည်း နောက်မှလိုက်လာခဲ့တော့သည်။

◆◆≈◆◆



www.burmeseclassic.com

www.burmeseclassic.com

ဘူတာရောက်တော့ ရထားကထွက်ရန်အဆင်သင့်ဖြစ်နေသည်။ ရထားစီးမည့်ခရီးသည်များက ရထားပေါ်တိုးဝှေ့ကာတက်နေကြသည်။

"လက်မှတ်ဝယ်ဖို့ ဘယ်လိုလုပ်မလဲ"

"ဘယ်လိုလုပ်ရမလဲ ဖြစ်သလိုလိုက်ရမှာပေါ့ မင်းပြန်ချင်လည်းပြန်လေ"

"မပြန်ပါဘူး ရှင်နဲ့အတူလိုက်မယ်၊ ဒုက္ခဆိုတာ ကျွန်မ မကြုံဖူးသေးဘူး ကြုံတော့ အတွေ့အကြုံရတာပေါ့"

တိမ်ဝင့်ထယ်က ရယ်မောကာပြောတော့ ရဲရင့်က ...

"မင်းသဘောပဲ နောက်မှညည်းမနေနဲ့ ဟုတ်ပြီလား"

"စိတ်ချ ကျွန်မကလည်း ဒုက္ခဆိုတာဘာကောင်လဲဆိုတာ သိချင်နေတာ"

တိမ်ဝင့်ထယ်က အားရစွာပြောလိုက်၏။ ရထားပေါ်သို့ခရီးသည်များ တက်၍ပြီးသွားတော့ အခြေအနေကိုကြည့်၍ ကုန်တွဲတစ်တွဲပေါ်သို့တက်လိုက်ကြသည်။

ကုန်တွဲထဲမှာတော့ မဲမှောင်လို့နေသလို ထောင့်တစ်ထောင့်၌အသက် ငါးဆယ်အရွယ် ညစ်ပေရေနေသော လူကြီးတစ်ဦးထိုင်နေ၏။





"သော် ..."

ရထားဥဩသံနှင့်အတူ ရထားကဘီးကိုတစ်ဘီးချင်းလိမ့်ကာ ထွက်လို့လာသည်။

ရထားထောင့်မှာထိုင်နေသော လူကြီးကခေါင်းကိုလှန်၍ တိမ်ဝင့်ထယ်တို့အားကြည့်လိုက်ရာ ...

"အမလေး ..."

တိမ်ဝင့်ထယ်ကလန့်ပြီး ရဲရင့်လက်မောင်းကိုဆုပ်ကိုင်လိုက်သည်။

"ဘာဖြစ်လို့လဲ တိမ်ဝင့်ထယ်"

"ဟို ... ဟို ... လူကြီး"

နီရဲနေသော မျက်လုံးကြီးကအရောင်တောက်စွာ တိမ်ဝင့်ထယ်နှင့် ရဲရင့်အားလှမ်း၍ကြည့်၏။

ဆံပင်တို့ကလည်း ရှည်လျားစွာကျလို့နေသလို ပုံစံကလည်းဖရိုဖရဲဖြစ်နေတာကြောင့် တိမ်ဝင့်ထယ်လန့်လို့သွားသည်။

ရဲရင့်က တိမ်ဝင့်ထယ်လက်ကိုအသာဖယ်၍ မတ်တတ်ရပ်ကာ မျက်လုံးနီကြီးနားသွားပြီး ငုတ်တုတ်ထိုင်ရင်း ...

"ဦးလေးက ဘယ်သွားမလို့လဲ"

"..."

ထိုလူကြီးက ရဲရင့်ကိုဘာမှပြန်မပြော ခေါင်းကိုငုံ၍သာနေသည်။

ရဲရင့်ကဆက်၍ ...

"ဦးလေးလည်း ကျွန်တော်တို့လိုလက်မှတ်မဝယ်နိုင်လို့ ဒီတွဲမှာလာစီးတာလား"

"..."

ရဲရင့်ကိုဘာမှပြန်မပြောဘဲ မျက်နှာကိုတစ်ဘက်သို့လွှဲလို့သွားသည်။

"ကျွန်တော်တို့က ခရီးဆုံးတဲ့အထိလိုက်မှာ ဦးလေးလည်းဘယ်ဘူတာမှာဆင်းမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



“ … ”

ရဲရင့်စိတ်ပျက်သွားသည်။ သူပြောတာကို လုံးဝရှုမစိုက်သလို မကြား ချင်ယောင်ဆောင်နေသည့် လူစိမ်းကြီးအားစိတ်ဝိုလို့သွား၏။

“ကျွန်တော်တို့ကအဖော်ရအောင်မေးတာပါ”

“ … ”

ရဲရင့်ကပြောလည်းပြော ကျောခိုင်း၍လှည့်ထွက်စဉ် —

“ဟေ့ … သူငယ်”

“ဗျာ”

ရဲရင့်ကနောက်လှည့်ကြည့်ကာ ထူးလိုက်၏။

“မင်းက ငါ့ကိုဘာထင်လို့လဲ”

“ဟင်”

ရဲရင့်က စိတ်ဝင်တစားနှင့်ပြန်ကြည့်လိုက်သည်။

‘မင်းမှတ်ထား ငါကဒီရထားရဲ့တွဲစောင့်ကြီးကွ”

ကြောက်မက်ဖွယ်ကောင်းသော အသံကြီးဖြင့်လှမ်း၍ပြောလိုက်လေ သည်။

♦♦≈♦♦



မျက်နှာတစ်ခုလုံး မဲနေသောပိန်ပိန်ပါးပါး
လူငယ်က … တွဲစောင့်ကြီးအား

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

## လမ်းကလူဘစ်

"ဒုတ် ... ဒုတ်"

ရထားက တဖြည်းဖြည်းနှင့်အရှိန်ပြင်းစွာ မောင်းလာလေရာ တစ်ဘူတာဝင် တစ်ဘူတာဖြတ်နှင့် ခရီးနှင်လို့လာသည်။

ရဲရင့်တို့စီးလာသည့်တွဲထဲတွင် ကုန်ပစ္စည်းများပြည့်ကျပ်နေသလို ထိုင်ရန်အတွက်ငါးပေပတ်လည်လောက်သာ လွတ်သောကွပ်လပ်သာရှိ၏။

ထူးခြားတာက ရထားထွက်လာတာကြာပြီ ခရီးနိုင်ထိမိုးက မလင်းသေး။

ရဲရင့်နှင့်တိမ်ဝင့်ထယ်ရှေ့က မျက်လုံးနီကြီးကတော့ ဘယ်သူ့ကိုမှ မကြည့် ခေါင်းကိုအောက်သို့စိုက်ကာလိုက်လာပါသည်။

ရထားကဘူတာတစ်ခုသို့ဝင်ပြီး စထွက်ရန်ပြင်လိုက်စဉ် ...

"ဦးလေး ... ကျွန်တော်လိုက်မယ်နော်"

အသံစာစာနှင့်အသက်နှစ်ဆယ်ဝန်းကျင်ခန့် လူငယ်တစ်ဦးရထားပေါ်သို့တက်လာသည်။

"အမလေး"





တိမ်ဝင့်ထယ်က ထိုလူငယ်ကိုကြည့်၍ အလန့်တကြားအော်လိုက်သည်။

လူငယ်၏မျက်နှာမှာ မဲ၍နေသလို ခန္ဓာကိုယ်မှာလည်း ပိန်လှီလွန်းလှ၏။

ရဲရင့်က တိမ်ဝင့်ထယ် ပခုံးကိုအသာပုတ်ကာ အကြောက်ပြေစေရန်ပြုလိုက်သည်။

တွဲစောင့်ကြီးက ...

"ဟေ့ကောင် လိုက်မယ်ဆိုငြိမ်ငြိမ်လိုက် စကားအများကြီးမပြောနဲ့"

"ဟုတ်ကဲ့ ... ဦးလေး"

ကောင်လေးက တွဲစောင့်ကြီးနှင့်မလှမ်းမကမ်းမှာထိုင်၍နေသည်။

တိမ်ဝင့်ထယ်က လေသံတိုးတိုးနှင့် ...

"မျက်နှာကဘာဖြစ်တာလဲ မသိဘူး ကြောက်စရာကြီး"

"ကြည့်မနေနဲ့ ငြိမ်ငြိမ်နေ"

"အင်း"

ရဲရင့်ကလည်း လေသံတိုးတိုးနှင့်ပြန်ပြောရာ တိမ်ဝင့်ထယ်ကခေါင်းညိတ်ပြ၏။

ကောင်လေးက တွဲစောင့်ကြီးအား ...

"ဦးလေးက ဒီတွဲပေါ်မှာအမြဲတစ်ယောက်ထဲနေတာ မပျင်းဘူးလား"

"မေးတတ်လိုက်တာကွာ တစ်ယောက်ထဲနေရတော့ ပျင်းတာပေါ့"

ကောင်လေးက စကားသံသွက်သွက်နှင့် ...

"လွယ်လွယ်လေးပဲ ဦးလေးရဲ့ လူထပ်ခေါ်လိုက်ပေါ့ ... ရထားပေါ်မှာဖြစ်တဲ့ဟာမှန်သမျှ ဦးလေးအပိုင်ပဲလေ"

"နေပါကွာ ... လူမရလည်း ကိစ္စမရှိပါဘူး လူတွေထပ်မသေရင်ပြီးတာပဲ"

"လေးစားသွားပြီဗျို့"



www.burmeseclassic.com

www.burmeseclassic.com



လူငယ်နှင့်တွဲစောင့်ကြီးစကားကြောင့် တိမ်ဝင့်ထယ်လန့်သွားသည်။ သူတို့ပြောတဲ့စကားအဓိပ္ပါယ်ကိုလည်း သူနားမလည်ပါ ...

"ရှေ့တစ်ဘူတာကျော်ရင်တော့ ကျွန်တော်ဆင်းမယ်ဦးလေးရေ"

"အင်း ... အင်း"

တွဲစောင့်ကြီးက ခေါင်းပဲညိတ်သည်။ ကောင်လေးကဆက်၍ _

"အစုန်ရထားစီးလိုက် အဆန်ရထားစီးလိုက်နဲ့ပျော်စရာကောင်းတယ် ဦးလေးရဲ့ ဦးလေးလည်း ဘယ်တော့မှ တွဲစောင့်ဘဝက ကျွတ်မလဲမသိဘူးနော်"

"ငါ့လိုအရွယ် လူရရင်တော့ ကျွတ်ပါပြီ မင်းကိုလည်းသတိပေးရဦးမယ်"

"ဘာများလဲ ဦးလေးရဲ့"

ကောင်လေးက စိတ်ဝင်တစားမေးလိုက်၏။ တွဲစောင့်ကြီးက လေသံလေးလေးနှင့် ...

"ကိုယ်လုပ်ချင်ရာပဲဖွတ်မလုပ်နဲ့ ကလေးတွေတစ်ခုခုဖြစ်ရင်မလွယ်ဘူး"

"ဟုတ်ကဲ့ပါ ဦးလေးရဲ့ ကျွန်တော်ကလေးတွေကို ချစ်လို့စတာပါ ကြောက်အောင်လုပ်တာမဟုတ်ပါဘူး"

ကောင်လေးကဖြေရှင်းချက်ပေးလိုက်သည်။

"ဘယ်လိုပဲဖြစ်ဖြစ်ကွာ ... "

ထိုစဉ် ...

ရထားကဘူတာတစ်ခုသို့ဝင်ပြီး ပြန်ထွက်ကာ နောက်ဘူတာတစ်ခုသို့ ဝင်လာသည်။

"ဦးလေးရေ ကျွန်တော်သွားပြီ"

"အေး ... အေး"

ကောင်လေးက ရထားပေါ်မှဆင်းသွားပြီး မကြာမီ ရထားကပြန်ထွက်





တော့ တိမ်ဝင့်ထယ်က ပြတင်းပေါက်သို့ခေါင်းကိုမော့ကာ အပြင်သို့ကြည့်လိုက်သည်။

"ဟင် ... သ ... သချိုင်းကုန်းကြီး"

ပါးစပ်မှ လွှတ်ခနဲထွက်သွားရာ တွဲစောင့်ကြီးက မျက်ထောက်နီကြီးနှင့် လှမ်းကြည့်လိုက်တော့သည်။

◆◆ ◆◆



www.burmeseclassic.com

www.burmeseclassic.com

"ကိုရဲရင့် ရထားထွက်လာတာအချိန်ကြာလှပြီ ခုထိမိုးမလင်းသေးဘူး"

တိမ်ဝင့်ထယ်ကပြောတော့ ရဲရင့်က မတုန်မလှုပ် ...

"ကျွန်မကြောက်လာပြီ ကိုရဲရင့်ရယ် ... ဘယ်တော့မှရောက်လာမှာလဲဟင်"

တိမ်ဝင့်ထယ်က လေသံတိုးတိုးနှင့်ပြောလိုက်စဉ် တွဲစောင့်ကြီးက–

"ရှေ့တစ်ဘူတာဆို ခရီးဆုံးပြီ"

"ရှင် ... "

တိမ်ဝင့်ထယ် အံ့သြသွားသည်။ သူပြောတဲ့လေသံတိုးတိုးကို တွဲစောင့်ကြီးက ကြားခြင်းမှာ ဘယ်လိုကြားသလဲဟုတွေးမရအောင်ဖြစ်ရ၏။

ရဲရင့်က တွဲစောင့်ကြီးကိုလှမ်းကြည့်၍ ...

"ဦးလေးက အစုန်ရထားကိုပြန်စီးမှာလား တွဲစောင့်ဆိုတော့ ပြန်လိုက်ရမှာပေါ့"

ပြောရာ တွဲစောင့်ကြီးက ...

"မင်းကိုငါပြောလိုက်မယ် မင်းတို့ငါနဲ့တွေ့တာ ကံကောင်းတယ်မှတ်ပါ"





"ခင်ဗျာ ... "

"မဗျာနဲ့ ဒီတွဲမှာငါသာမပါရင် မင်းတို့ကိုနှောင့်ယှက်မယ့်ကောင်တွေ တပုံကြီးပဲဆိုတာ မှတ်ထားပါ"

"ဟုတ် ... ဟုတ်ကဲ့"

ရဲရင့်က ဘာမှန်းညာမှန်းမသိခေါင်းညိတ်လိုက်သည်။ တွဲစောင့်ကြီးက တိမ်ဝင့်ထယ်အားကြည့်၍ ...

"နင့်ကိုသတိပေးလိုက်မယ် ဘယ်နေရာပဲရောက်ရောက်ငါနဲ့တွေ့တဲ့အကြောင်းဘယ်သူ့ကိုမှမပြောနဲ့"

"ရှင် ... "

"ဘော် ... "

ထိုအချိန်တွင် ရထားကဘူတာဝင်ရန်အချက်ပေးဥသြသံထွက်ပေါ်လို့လာသည်။

"ရထားဘူတာဝင်တော့မယ် ကိုယ့်လမ်းကိုယ်သွား တခြားဘယ်သူ့ကိုမှ ဂရုမစိုက်နဲ့"

တွဲစောင့်ကြီးက သတိပေးစကားပြောတော့ ရဲရင့်နှင့်တိမ်ဝင့်ထယ်တို့က ပါးစပ်ကမပြောပေမယ့် ငြိမ်တူခေါင်းညိတ်လိုက်သည်။

ရထားက ဘူတာဝင်၍ ရပ်သောအခါ ရဲရင့်က ...

"သွားပြီ တွဲစောင့်ကြီး"

"အေး ... အေး မင်းကတော့ငါနဲ့ဆုံဦးမှာပါ သွား ... သွား"

တွဲစောင့်ကြီးက အဓိပ္ပါယ်ပါပါပြောတာကို တိမ်ဝင့်ထယ်နားမလည်ပါ။

ရထားပေါ်ကဆင်းတော့ လူအုပ်နောက်မှဆင်း၍ ဘူတာအပြင်ဘက်သို့ထွက်လာသည်။

အချိန်ကအလွန်ကြာနေပြီဖြစ်သော်လည်း မိုးကဆာလောင်မဖြစ်တာ အံ့သြမိသည်။

ဘူတာအထွက်အပေါက်ဝတွင် ခန္ဓာကိုယ်အပေါ်ပိုင်းကိုစောင်ပတ်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းစွပ်စွပ်ထားသည့် အဘိုးအိုတစ်ယောက်ကိုတွေ့လိုက်ရ၏။

အဘိုးအိုက မတ်တတ်ထရပ်လျက် သူတို့နှစ်ယောက်လာတာကိုကြည့်၍ ...

“မင်းတို့ မြို့ထဲလာတာလား”

“ဗျာ”

ရဲရင့်ကအံ့ဩသွားသည်။ သူ့ကိုမေးသည်ဟုလည်းမထင် နောက်သို့လှည့်ကြည့်သော်လည်း ဘယ်သူ့ကိုမှမတွေ့၍ ...

“အဘ ကျွန်တော်တို့ကိုမေးတာလား”

“အေးလေကွယ် ...”

အဘိုးအိုကခေါင်းညိတ်ရင်းပြော၏။

“ဟုတ်ပါတယ် ... အဘ”

“အင်း ... မြို့ထဲဝင်ရင်တော့ ခွင့်ပြုချက်တောင်းရတယ်ကွယ့်”

“ဗျာ ... ဘာလို့လဲအဘ ကျွန်တော်တို့မြို့ ကျွန်တော်တို့ပြန်လာတာလေ ဒီမြို့မှာကျွန်တော်တို့အိမ်လည်းရှိတယ် အခုမြို့ထဲမှာဘာဖြစ်လို့လဲ”

ရဲရင့်ကစကားကိုအဆက်မပြတ်ပြောပေမယ့် အဘိုးအိုကဘာမှပြန်မပြော မျက်လုံးကိုအသာမှိတ်လျက် ...

“ကောင်းပြီလေ မင်းတို့ကိုအဘခွင့်ပြုပါတယ် သွားကြ သွားကြ”

အဘိုးအိုရဲ့စကားဆုံးတော့ ရဲရင့်နှင့်တိမ်ဝင့်ထယ်လည်း အဘိုးအိုရှေ့မှခပ်မြန်မြန်ထွက်လာသည်။

“ကိုရဲရင့် အဘိုးကြီးစကားပြောတာဘယ်လိုလည်းမသိဘူးနော်”

“ဦးနှောက်မကောင်းဘူးနဲ့တူပါတယ် ဘဝင်ရူးနေမှာပေါ့”

“ဟုတ်တယ် ... ဟုတ်တယ်”

နှစ်ယောက်သား မြို့ရယ်ကာမြို့တွင်းလမ်းမဘက်ဆီသို့ထွက်လာခဲ့တော့သည်။

◆◆ ◆◆

ဒိုရင့်အောင်အေး

ရထားလုံးမောင်းသူက ဦးထွဋ်

ကိုချွတ်လိုက်ရာ တွေ့လိုက်ရသည့်

ဇာတ်နာကြောင်း . . .

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

## ဘဝပေးကံဇာတ်ဆွဲ

"ကိုရဲရင့်တို့မြို့က တောင်ကုန်းတွေပေါ်မှာ မြို့တည်ထားတာပဲ အတက်အဆင်းတွေတအားများတယ်"

လမ်းအနည်းငယ်လျှောက်လာတော့ တိမ်ဝင့်ထယ်ကရဲရင့်အားပြောလိုက်၏။

"ဟုတ်တယ် တိမ်ဝင့်ထယ် ကိုယ်တို့အိမ်ဆို ကုန်းအမြင့်မှာဆောက်ထားတာ မြို့ထဲကအိမ်တွေကိုစီးပြီးမြင်နေရတယ်"

"ဩော် ... "

လမ်းမီးတိုင်များမရှိပေမယ့် ကောင်းကင်အလင်းကြောင့် လမ်းကမဲမှောင်၍မရှိဘဲ လင်းလျက်ရှိသည်။

လမ်းဘေးဝဲယာမှာတော့ ယူကလစ်ပင်တန်းတို့အစီအရီပေါက်နေတာကလည်း တောင်ပေါ်လမ်းလေးရဲ့ညအလှကိုပို၍ပေါ်လွင်စေသည်။

တစ်ချက်တစ်ချက် ဝေ့တိုက်သွားသောလေနုအေးတို့ကြောင့် တိမ်ဝင့်ထယ် စိမ့်ခနဲအေးလို့သွားသည်။





"ခွပ် ... ခွပ်"

ထိုစဉ် ...

လမ်းမပေါ် မြင်းတစ်ကောင်ခွာရိုက်သံပြင်းပြင်းကိုကြားလိုက်ရ၍ ရဲရင့်နှင့်တိမ်ဝင့်ထယ်တို့လှည့်ကြည့်လိုက်ရာ ရထားလုံးတစ်စီးမောင်း၍ လာသည်ကိုတွေ့လိုက်ရ၏။

"တိမ်ဝင့်ထယ် ရထားလုံးနဲ့သွားရအောင်"

"အိမ်ကဝေးသေးလို့လား ကိုရဲရင့်"

"ဝေးတယ်ဆိုပါတော့ ကုန်းဆင်းကုန်းတက်နဲ့ဆိုရင် မနည်းလျှောက်ရမှာ ... "

"ကိုရဲရင့်သဘောလေ ... "

တိမ်ဝင့်ထယ်ကပြောတော့ ရဲရင့်ကအနားသို့ရောက်လာသည့် ရထားလုံးကိုတားလိုက်သည်။

ရထားလုံးမောင်းသူက ဦးထုပ်ကိုခပ်ငိုက်ငိုက်ဆောင်းထား၍ မျက်နှာကိုသေချာမမြင်ရ ... အပေါ်အင်္ကျီဂျင်းဂျာကင်ကိုဝတ်ထားကာ ဂျင်းဘောင်းဘီရှည်ကိုဝတ်လို့ထား၏။

ရထားလုံး ကသူတို့ရှေ့ရပ်တော့ ရဲရင့်က ...

"တော်လဲကုန်းကိုလိုက်လို့ရမလား"

ရထားလုံးမောင်းသည့် လူအားမေးလိုက်ရာ ...

"တက်"

"လာ ... တိမ်ဝင့်ထယ်"

ရဲရင့်က တိမ်ဝင့်ထယ်အား အရင်တက်စေ၍ သူကနောက်မှလိုက်တက်ခဲ့သည်။

ရထားလုံးထဲရောက်တော့ ...

"ကိုယ်တို့ဆီမှာက ဆိုက္ကားမရှိဘူး မြို့ကသေးတော့ လိုင်းကားလည်းမရှိဘူးလေ ရထားလုံးပဲအားကိုးနေရတာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ရထားလုံး ညဘက်မျိုးလည်းရှိလား"

"ရထားဝင်ချိန်ဆိုရှိပါတယ် ညဘက်ရောက်လာတဲ့ ခရီးသည်တွေကိုပို့ပေးတာပေါ့"

"ရထားလုံးစီးတာတော့ ဟုတ်ပါပြီ၊ စီးခဘယ်လိုရှင်းမလဲ"

တိမ်ဝင့်ထယ်ကပြောတော့ ရဲရင့်ကပြုံးသည်။

"ကိုယ်တို့မြို့ကလူတွေက သစ္စာရှိတယ် မရှိလည်းစီးသွားတာပဲ နောက်ရက်ကြုံတော့ပေးလိုက်တာပေါ့ _ မကြုံလည်းကြုံအောင်ရှာပေးတာ"

"ဪ ... "

ဒီဒေသရဲ့ချစ်စရာစရိုက်လေးကို တိမ်ဝင့်ထယ်သဘောကျမိသည်။

ရထားလုံးက တရိပ်ရိပ်သွားနေရင်း လမ်းဘေးကသာယာလှပ ရှုခင်းများက တိမ်ဝင့်ထယ်အတွက်အမြင်ဆန်းစေသည်။

တိမ်တွေက ရထားလုံးဘေးကဖြတ်သွားသလို ထင်ရသလိုကောင်းကင်နှင့်လည်း ပို၍နီးကပ်သည်ဟုထင်မိ၏။

"ကိုရဲရင့်တို့မြို့မှာ ရေတံခွန်တွေရှိမှာပေါ့နော်"

"ရှိပါတယ် နည်းနည်းတော့ဝေးတယ် ရေတံခွန်ထက်ထူးဆန်းတာက တောင်ပေါ်အို အေ စ် ပဲ"

"တောင်ပေါ်အို အေ စ် တော်ပေါ် အို အေ စ်ဆိုတာဘာလဲဟင်"

တိမ်ဝင့်ထယ်စိတ်ထဲ အထူးအဆန်းဖြစ်နေ၍ မေးလိုက်ခြင်းဖြစ်သည်။

"တောင်ပေါ် အို အေ စ် ဆိုတာတင်စားပြီးခေါ်တာပါ အမြင့်တစ်နေရာက စီးလာတဲ့ရေတွေက အရှိန်နဲ့အောက်ရောက်တော့ ကျောက်တုံးတွေပေါ်တက်သွားတာလေ"

"အဲလိုလား အထူးအဆန်းပဲ"

"အဲဒီ့ထက် ထူးဆန်းတာတွေအများကြီးပဲရှိတယ်"

"ဆိုပါဦး"

တိမ်ဝင့်ထယ်ကမေးလိုက်စဉ် ရထားလုံးကတုန့်ခနဲရပ်လို့သွားသည်။





ရဲရင့်က အပြင်ဘက်သို့ကြည့်ပြီး ...

"ရောက်ပြီ တိမ်ဝင့်ထယ် ဆင်းရအောင်"

"ဟင် ... ရောက်ပြီလား စကားပြောကောင်းနေတာ"

ရဲရင့်က ရထားလုံးအောက်သို့ဆင်းတော့ တိမ်ဝင့်ထယ်ပါလိုက်ဆင်းလိုက်၏။

ရဲရင့်က ရထားလုံးရှေ့သို့သွားပြီး ...

"ဗျို့ ... ဆရာ ရထားခနောက်မှရှင်းမယ်နော်"

"ရပါတယ် ရဲရင့်ရယ် မင်းနဲ့ငါပြောရမယ့်လူတွေမှမဟုတ်တာ"

"ဟင်"

ရထားလုံးမောင်းသူက ဦးထုပ်ကိုချွတ်၍ ရဲရင့်အားရင်းနှီးစွာပြောလိုက်ရာ ရဲရင့်ပါးစပ်အဟောင်းသားဖြစ်သွားသည်။

"ကို ... ကိုစိုင်း ... "

"ဟုတ်တယ်လေ ငါကိုစိုင်းပါ ရဲရင့်ရဲ့"

ကိုစိုင်းဆိုသူ ရထားလုံးမောင်းသူက အားရပါးရပြောတော့ ရဲရင့်က

"ခင် ... ခင်ဗျား"

ရဲရင့်ရဲ့စကားထွက်မလာမီ ...

"ဟား ... ဟား ... "

ရထားလုံးမောင်းသည့် ကိုစိုင်းအားရပါးရရယ်မောကာ ရထားကိုမောင်းထွက်သွားသည်။

ကိုစိုင်းဆိုသည်မှာ ...

ရဲရင့်နှင့်အလွန်ရင်းနှီးသည့် ရထားလုံးမောင်းသည့်သူဖြစ်၏။

သူ့အမျိုးသမီး သဒ္ဓါဖြူမခုံးခင်သုံးလခန့်က ညဘက်ရထားလုံးမောင်းပြီး ပြန်လာစဉ် ဘူတာနှင့်မလှမ်းမကမ်း၌ ကုန်တင်ကားနှင့်တိုက်တာသေဆုံးခဲ့၏။

ကိုစိုင်းကိုသပြီးဟ်တော့ သူတို့လင်မယားသိုက်ပျိုကြသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို ကိုစိုင်းလာခေါ်တာလား"

တွေးမိကာ ကြက်သိန်းများထလို့လာသည်။

ညအမှောင်ထဲမှာ ဆိုတော့ မျက်နှာကိုသဲကွဲစွာမမြင်ရပေမယ့် ပြောဟန်ဆိုဟန်က ကိုစိုင်းဟန်အသံ ရဲရင့်တွေဝေကာရပ်နေစဉ် ...

"ကိုရဲရင့် ဘာလုပ်နေတာလဲ"

"ဩော် ... အင်း ... "

တိမ်ဝင့်ထယ်ပြောမှ ရဲရင့်သတိဝင်လာသည်။

"ဒီအိမ်က ကိုယ့်အိမ်ပဲ တိမ်ဝင့်ထယ်"

"ဟယ် ... လှလိုက်တာ ... "

ကျယ်ဝန်းလှသောခြံကျယ်ကြီး၏ ကုန်းအမြင့်မှာဆောက်ထားသော ဥရောပဟန်တိုက်ကြီး ...

အဝင်ဝမှစ၍ ကျောက်လှေကားဖြင့်တက်ရမည်ဖြစ်ပြီး လှေကားအဆုံးမှာ အိမ်တံခါးဝရှိသည်။

"အိမ်ကြီးက အရမ်းခမ်းနားတာပဲနော်"

"လာကွာ ကိုယ့်သမီးလေးကိုတွေ့ချင်ပြီ"

ရဲရင့်က ခြံဝကျောက်လှေကားကတက်သွားတော့ တိမ်ဝင့်ထယ်က နောက်မှလိုက်ပါခဲ့တော့သည်။

♦♦ ♦♦



"ကျွန်မတို့တစ်ခုခုမှားနေပြီထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

## သမီးလေးနဲ့တွေ့တဲ့ည

အိမ်အဝင် တံခါးမှာမှန်အမဲဖြင့်ပြုလုပ်ထားတာကြောင့် အတွင်းပိုင်းကို အပြင်မှမြင်နေရသည်။

"ဟင် ... သမီးလေ ... "

ရဲရင့်၏ပါးစပ်မှလွှတ်ခနဲထွက်သွား၏။

ငါးနှစ်အရွယ်ကလေးတစ်ယောက် ချစ်စဖွယ်မျက်နှာလေးနှင့်ညိုးငယ်စွာ ညှော်ခန်းထိုင်ခုံတွင်ထိုင်နေသည်ကို တိမ်ဝင့်ထယ်တွေ့ရ၏။

အခုလို ညဉ့်နက်အခါကြီးမှာ လူကြီးလည်းမရှိပါပဲ တစ်ယောက်တည်း ဘာထိုင်လုပ်နေပါလိမ့် ...

ကိုရဲရင့်၏မျက်နှာက ချက်ချင်းစိတ်မကောင်းသည့်ပုံပေါက်သွားသည်။

"ဟို ... "

တံခါးကိုအသာအယာတွန်း၍ အခန်းထဲသို့ဝင်လိုက်ရာ ကလေးက သူတို့ကိုသတိထားမိပုံမပေါ် လက်ကလေးသုံးချောင်းကိုထောင်ပြီး

"ပူတူးတူးလေး သုံးကောင်လယ်ကွက်ထဲမှာနေ တစ်ကောင်ပြန်သွားတော့လေ နှစ်ကောင်ထဲကျန်နေ ... "





လက်ကလေးသုံးချောင်းမှ တစ်ချောင်းကိုချိုး၍ကျန်လက်နှစ်ချောင်းကို ထောင်ထားရင်း နှုတ်မှတစ်လုံးချင်းရွတ်ဆိုနေပြန်သည်။

"ပူတူးတူးလေးနှစ်ကောင် လယ်ကွက်ထဲမှာနေ တစ်ကောင်ပြန်သွားတော့လေ အင်း ... တစ်ကောင်ပဲကျန်တော့တာပေါ့ ... ဟီး ... ဟီး"

"သမီးလေး ... "

ကလေးကဝမ်းနည်းကာ လက်ကလေးတစ်ချောင်းကိုထောင်လျက် ရှိုက်ကြီးတငင်ငိုလေသည်။ ကိုရဲရင့်က သူ့သမီးလေးရှေ့ဒူးထောက်ထိုင်ချရင်း မျက်လုံးထဲ၌မျက်ရည်များဝေ့နေ၏။

"သမီးလေး ဖေဖေပြန်လာပြီလေ၊ မငိုပါနဲ့ကလေးရယ် တိတ်နော်"

"ဟီး ... ... "

ကလေးက ကိုရဲရင့်ပြောတာပဲမကြားတာလား ဝမ်းနည်းလွန်း၍လား မသိ အငိုမရပ်သေး။

တိမ်ဝင့်ထယ်က ခပ်လှမ်းလှမ်းမှမတ်တတ်ရပ်ကာကြည့်နေသည်။

ထို့နောက် ...

ကလေးက ထိုင်ခုံပေါ်မှဆင်း၍ ကိုရဲရင့်ရှေ့မှဖြတ်ကာဧည့်ခန်းအနောက်ဘက်သို့ထွက်သွားသည်။

ရဲရင့်က မတ်တတ်ထရပ်၍ ...

"တိမ်ဝင့်ထယ် သမီးလေးကကိုယ်ပြောတာမကြားတာလား"

"ဟုတ်မယ်ထင်တယ်"

"လာ ... သူဘာလုပ်မှာလဲ သွားကြည့်ရအောင်"

"ကောင်းပြီလေ"

တိမ်ဝင့်ထယ်က သဘောတူကာ ရဲရင့်နောက်သို့လိုက်လာသည်။

ကလေးဝင်သွားသည့် အခန်းဝမှနှစ်ယောက်သားအခန်းထဲကြည့်လိုက်တော့ ...

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါ စာကြည့်ခန်းလေတိမ်ဝင့်ထယ်"

"အင်း"

ကလေးက စာကြည့်ခန်းထဲရှိ စားပွဲအံဆွဲကိုဖွင့်ကာအထဲမှ ဓာတ်ပုံအယ်လ်ဘမ်ကိုထုတ်၍ကြည့်နေ၏။

အယ်လ်ဘမ်ထဲမှ ဓာတ်ပုံများကိုကြည့်၍ ...

"ဒါ ... ဖေဖေ ... ဒါက မေမေ ... အင်း ဒါပေမယ့် သူတို့တွေမရှိကြဘူး ဘာလို့များမရှိကြတာလဲမသိဘူး ...

ဟိုဘက်ခြံမှာဆို သိဂီရယ် သူ့အဖေရယ် အမေရယ်နဲ့ပျော်စရာကြီး အင်း ... ငါကတော့ တစ်ယောက်ထဲ ... "

"သမီးလေးရယ် ... "

ကိုရဲရင့်ပါးပေါ် မျက်ရည်များစီးကျလာသည်။ တိမ်ဝင့်ထယ်လည်းမျက်ရည်ဝိုင်းမိ၏။

ကလေးကတော့ ဓာတ်ပုံအယ်လ်ဘမ်ကိုလှန်လိုက် ကြည့်လိုက် စကားပြောလိုက်လုပ်နေသည်။

"ကိုရဲရင့် စိတ်မဆိုးနဲ့နော် ကျွန်မအထင်ကိုပြောကြည့်မယ်"

"ပြောပါ တိမ်ဝင့်ထယ်"

"ရှင့်သမီးလေးက ဦးနှောက်ပုံမှန်မဟုတ်ဘူးနဲ့တူတယ်"

"ဘာ ... ဘာလို့လဲ"

ရဲရင့်က အလျှင်အမြန်မေးလိုက်သည်။

"သူ့ရှေ့က ကိုရဲရင့်ကိုတောင် သူမမြင်ဘူး၊ ပြီးတော့ သူပြောတဲ့ပုံစံက တစ်မျိုးဖြစ်နေလားလို့"

"သမီးလေးက ကိုယ်နဲ့နောက်ဆုံးစကားပြောတုန်းကထိပုံမှန်ပဲ"

"လူချင်းပြောကြတာလား"

"မဟုတ်ဘူး ဖုန်းနဲ့ပြောကြတာ"

ထိုစဉ် ...





ကလေးက ဓာတ်ပုံအယ်လ်ဘမ်ကိုချ၍ အခန်းထဲမှပြန်ထွက်လာပြီး အခန်းဝတွင်ရပ်နေသော သူတို့နှစ်ယောက်ရှေ့မှဖြတ်ကာ ညည့်ခန်းထဲသို့ပြန်သွားပြန်သည်။

တိမ်ဝင့်ထယ်နှင့်ရဲရင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်တော့သည်။

◆◆ ◆◆



www.burmeseclassic.com

www.burmeseclassic.com

ကလေးက ညောင်ခန်းထဲကခွေးချိုတစ်လုံးကိုယူ၍ နံရံတွင်ချိတ်ထားသည့် ရဲရင့်နှင့်သဒ္ဒါဖြူတို့ မင်္ဂလာဝတ်စုံနှင့် ပန်းချီကားချပ်ရှေ့တွင် ခွေးချိုကိုချလိုက်သည်။

လက်ထဲတွင်လည်း အဝတ်တစ်ခုကိုကိုင်ထား၏။

ကလေးက ခွေးချိုပေါ်တက်ကာ မှိုမကာမ်းဖြစ်နေသည့် ပန်းချီကားပေ့ာ်ကို ခြေဖျားထောက်ကာ အဝတ်ဖြင့်ဖုန်သုတ်နေသည်။

ထိုစဉ် ...

"ဝုန်း"

"အား"

"သမီးလေး"

ကလေးက ဟန်ချက်ပျက်၍ကြမ်းပြင်ပေါ်ကျသွားသည်။

ရဲရင့်ကအပြေးအလွှားသွား၍ ကလေးအားပြေးပွေ့ရန်သွားရာ အနား သို့ရောက်သောအခါ ...

"ဝုန်း"

"ဟာ"

တစ်စုံတစ်ယောက်က သူ့ကိုပစ်တွန်းလိုက်သလိုဖြစ်၍ ကလေးနား





မရောက်ခင် ရဲရင့်လဲကျသွားသည်။

"သမီး ရတနာဘာဖြစ်တာလဲ"

ကြီးမေရဲ့အသံကြားရပြီး မကြာခင်မှာပဲ ကြီးမေကကလေးအနား ရောက်လာပြီး ပွေ့ထူလိုက်သည်။

"ညဘက်အိပ်ပါဆို မအိပ်ဘူး။ တစ်နေ့တစ်နေ့ အဖေအမေကိုပဲတနေ တာပဲ ငါစိတ်ညစ်တယ်"

"အား ... နာတယ်"

ကလေးက သူ့ညာဘက်ခြေထောက်လေးကိုင်၍အော်နေသည်။

"အရမ်းနာနေသလား သမီးဘွားဘွားဆေးလိမ်းပြီး ပတ်တီးစည်း ပေးမယ်"

ရဲရင့်ကလည်း နေရာမှထ၍ ကြီးမေနှင့်သူ့သမီးလေးနားသွား၍

"ကြီးမေ ... သမီးလေး"

ခေါ်လိုက်သော်လည်း နှစ်ယောက်လုံးက လုံးဝလှည့်မကြည့် ကြီးမေ က ကလေးကိုပွေ့၍ သူ့အခန်းထဲသို့ခေါ်လာစဉ် ရဲရင့်ကဘေးမှလိုက်၍ ...

"ကြီးမေ ... ကျွန်တော်ရဲရင့်လေ ကြီးမေ ... ကျွန်တော်ခေါ်တာ ပြန်ထူးဦးလေ"

"သမီးမဆော့ပါဘူး ဖေဖေနဲ့မေမေကိုသတိရလွန်းလို့ ဓာတ်ပုံကြည့်နေ တာပါ"

ရဲရင့်ကပြောတာကို နှစ်ယောက်စလုံးဂရုမစိုက်သလိုစကားပြောနေပြီး ကြီးမေက ကလေးအားဆေးလိမ်း၍ ပတ်တီးစည်းပေးနေသည်။

"ကိုရဲရင့် ကျွန်မပြောစရာရှိတယ်"

တိမ်ဝင့်ထယ်က ရဲရင့်နားကပ်၍ပြောတော့ ရဲရင့်လည်း အခန်းထဲက ကြီးမေနှင့်ကလေးကိုကြည့်၍ တိမ်ဝင့်ထယ်ခေါ်ရာ ညောင်ခန်းသို့ပြန်လိုက်သော သည်။

"ကျွန်မတို့တစ်ခုခုမှားနေပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာ ... ဘာမှားတာလဲ"

"ကိုရဲရင့်ပဲစဉ်းစားကြည့် ကိုရဲရင့်ရဲ့ကလေးက ကိုရဲရင့်နဲ့ကျွန်မကိုမမြင်ဘူး ပြောတာလည်းမကြားဘူး ...

ပြီးတော့ ကိုရဲရင့်ကြီးမေလည်းကလေးအတိုင်းပဲ"

ရဲရင့်မျက်နှာ တိမ်ဝင့်ထယ်ကိုကြည့်၍ ...

"သူတို့ ငါ့ကိုစိတ်ဆိုးနေတာလား"

"စိတ်ဆိုးတာ မဟုတ်ဘူးကိုရဲရင့် တကယ်ကိုမမြင်ရတာ ဒီတော့ ကျွန်မတို့ဘာဖြစ်ခဲ့လဲ ပြန်စဉ်းစားရအောင်"

"ဟာ ... ဒါတရားခွင်မဟုတ်ဘူး။ မင်းစကားတွေကဘာတွေလဲ ငါက ငါ့သမီးကိုသိပ်ချစ်တာကွ"

"ဟင်း"

တိမ်ဝင့်ထယ်က သက်ပြင်းချလိုက်သည်။

ရဲရင့်က နံရံကိုစိုက်ကြည့်ကာစဉ်းစားပြီး ...

"နေဦး ... ငါကျော်ဇင်ဆီသွားမယ်"

"နေဦးလေ ကျွန်မလည်းလိုက်မယ်"

ရဲရင့် ထွက်သွားရာနောက်သို့ တိမ်ဝင့်ထယ်လည်းနောက်မှပြေးကာ လိုက်လာတော့သည်။

♦♦⁂♦♦



သမီးလေးကိုစိတ်ချပါရစေလို့
လူ့ဘဝပြန်မည့်သူ့အားမှာလိုက်ရာ ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

## ပြန်ဆုံသည့်သူ

အိမ်အပြင်သို့ရောက်၍ မမျှော်လင့်ဘဲတွေ့လိုက်ရသည့် မြင်ကွင်းကြောင့် ရဲရင့်မတ်တတ်စုံရပ်၍ ကြောင်ပြီးကြည့်နေသည်။

စကားကိုတစ်လုံးချင်းနှင့်စ

"သ ... သ ... ဒ္ဒါ ... "

သူ့ဇနီး သဒ္ဒါဖြူတစ်ယောက် အပေါ်ဘလောက်အင်္ကျီအဖြူနှင့် ဘောင်းဘီရှည်အပွအဖြူတို့ကိုဝတ်ကာ ခြံဝတွင်ရပ်နေသည်။

ရဲရင့်က သဒ္ဒါဖြူအနားသို့ တိုးကပ်သွားပြီး ...

"သ ... သ ... ဒ္ဒါ ပါနော် ... "

"ဟုတ်ပါတယ် ... ကို"

သဒ္ဒါဖြူရဲ့မျက်လုံးတွေက အဖြူရောင်လွှမ်းနေတာကလွဲရင် တခြားထူးခြားတာဘာမှမရှိ။

"ကိုယ် အိပ်မက် မက်နေတာမဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး ... ကို ... သဒ္ဒါနဲ့ကိုနဲ့တကယ်တွေ့နေတာပါ"

"ဟာ ... ဝမ်းသာလိုက်တာ သဒ္ဒါမသေဘူးပေါ့ အရင်ထဲက 'ကို' တွေးပြီးသား သဒ္ဒါမသေပါဘူးလို့"





ရဲရင့်က အားရပါးရပြော၍ တိမ်ဝင့်ထယ်ကိုခေါင်းစောင်းကြည့်၍-

"တိမ်ဝင့်ထယ် ဒါကိုယ့်ဇနီး သဒ္ဒါဖြူလေ သဒ္ဒါ ဒါကိုယ့်မိတ်ဆွေ တိမ်ဝင့်ထယ် ကိုယ်ပြဿနာတွေဖြစ်တော့ သူကအစွမ်းကုန် ကူညီခဲ့တဲ့ ရှေ့နေမလေးပေါ့"

"အင်း"

သဒ္ဒါဖြူက နှုတ်ခမ်းတွန့်ရုံပြုံးလိုက်သည်။ တိမ်ဝင့်ထယ်ကတော့ သဒ္ဒါဖြူပုံကိုကြည့်ပြီး အံ့သြနေသည်။

ရဲရင့်အကြောင်းသူသိထားတာက လွန်ခဲ့သည့်ငါးနှစ်လောက်ထဲက သူ့ဇနီးဆုံးခဲ့သည်။

ခုတော့ ...

"သဒ္ဒါ ... ကိုယ် သမီးလေးကိုတွေ့တယ်၊ သမီးလေးကကိုယ့်ကိုစိတ်ဆိုးနေလားမသိဘူး ကိုယ်ခေါ်တာထူးလည်းမထူးဘူး"

သဒ္ဒါဖြူက အေးအေးဆေးဆေးလေသံနှင့် ...

"သမီးလေးက ကိုကိုမမြင်တာပါ"

"ဟာ ... ဘာလို့မမြင်တာလဲ ကိုယ်သူ့ရှေ့တည့်တည့်ကနေခေါ်နေတာလေ"

"ဟုတ်ပါတယ် ကို ... ကိုကိုသူဘယ်လိုမှမမြင်နိုင်ပါဘူး ဘာလို့လဲဆိုတော့ ... "

သဒ္ဒါဖြူစကားမဆုံးခင် ရဲရင့်ကဝင်၍ ...

"သူတို့ ကိုယ့်ကို စိတ်ဆိုးနေတာလည်းဖြစ်မယ်၊ ဒါကြောင့် ကိုယ်ကျော်ဖင်ဆီသွားမလို့"

"ကိုကျော်ဖင်ဆီသွားလည်း ဘာမှမထူးပါဘူး။ ကိုရယ် သူတို့အားလုံး ကိုကိုမြင်နိုင်မှာမဟုတ်တော့ပါဘူး"

"မမြင်နိုင်ရအောင် ကိုယ်ကဘာဖြစ်နေလို့လဲ ကိုယ်ဘာမှနားမလည်တော့ဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်က စိတ်ရှုပ်စွာပြောတော့ သဒ္ဒါဖြူက တိမ်ဝင့်ထယ်အားလှမ်းကြည့်၍ ...

"မင်းတို့ကို ကူညီပေးပါလား"

"ရှင် ... ဘာကူညီရမှာလဲ"

"မင်း လူ့ဘဝကိုပြန်သွားတဲ့အခါ တို့အတွက်ရည်စူးပြီးကောင်းမှုကုသိုလ်လုပ်ပေးပါ ...

ပြီးတော့ ဖြစ်နိုင်မယ်ဆိုရင် တို့သမီးလေးကိုမွေးပါ ကြီးမေကအသက်ကြီးလာပြီလေ"

"လူ့ဘဝကိုဟုတ်လား"

တိမ်ဝင့်ထယ်က နားမလည်၍ထပ်မေးလိုက်သည်။

"ဟုတ်တယ်"

"ကျွန်မနဲ့ကိုရဲရင့်ကအတူတူလာခဲ့တာလေ ကိုရဲရင့်ကိုမှာလည်းရတယ်မလား"

"မင်းနဲ့ ကိုနဲ့ကမတူဘူး"

"ဘာမတူတာလဲ"

ရဲရင့်က သဒ္ဒါဖြူကိုကြောင်၍ကြည့်သည်။

"ကိုက တကယ်သေသွားပါပြီ"

"ဟင်"

"ဘာ"

ရဲရင့်နှင့်တိမ်ဝင့်ထယ်တို့ မယုံနိုင်အောင်ဖြစ်လို့သွားသည်။

သဒ္ဒါဖြူကဆက်၍ ...

"မင်း ဝိညာဉ်ကလူ့ဘဝနဲ့မပြတ်သေးဘူး၊ မင်းပြန်ရမှာ တို့သမီးလေးအတွက်ကူညီပေးပါနော်"

သဒ္ဒါဖြူက တိမ်ဝင့်ထယ်ရှေ့အူးထောက်ကာ ထိုင်ချရင်းပြောလိုက်၏။

တိမ်ဝင့်ထယ်ရဲ့ ပါးပေါ်မျက်ရည်တို့စီးကျကာလာသည်။





သူတွေ့နေတာ သေပြီးလူတွေနှင့်လေ ...

ရဲရင့်က ...

"ကိုယ် ... က သေသွားပြီပေါ့ ဟုတ်လား သဒ္ဒါ"

"ဟုတ်ပါတယ် ကိုရယ် ဒါကြောင့် သဒ္ဒါကိုတွေ့ရတာလေ ... "

"ဟာ ... အား"

ရဲရင့် ရင်ထဲမခံစားနိုင်၍ အသံကုန်အော်လိုက်ရာ ခွေးတချို့ရဲ့ အူသံသံပြိုင်ထွက်လာသည်။

"အု ... ဝူး ... "

"ကို ... သတိထား စိတ်ထင်သလိုလုပ်လို့မရဘူး"

"သဒ္ဒါ ကိုတို့သမီးလေးနဲ့အတူနေလို့ရမှာမဟုတ်တော့ဘူးနော်"

"ကိုရယ် ... အကောင်းဆုံးဆိုတာပဲစဉ်းစားရအောင်နော်"

ရဲရင့်ရဲ့ခေါင်းအောက်သို့ငိုက်သွားသည်။

ထိုအချိန်တွင် ...

ဘူတာရုံတွင် တွေ့ခဲ့သည့်အဘိုးအိုက သူတို့နားသို့တရွေ့ရွေ့ရောက်လာပြီး အနားရောက်တော့ တိမ်ဝင့်ထယ်အား ...

"သမီး ... သွားရတော့မယ် ဒီလောက,က သမီးနဲ့မဆိုင်ဘူး"

"ဟို ... ဟို"

"ကဲ ... သမီး မျက်စိမှိတ်ထား သမီးရောက်နေတဲ့နေရာက ဆေးရုံပါ ဆေးရုံက သမီးရှိတဲ့နေရာကိုတွေးထား ... "

တိမ်ဝင့်ထယ်လည်း မျက်လုံးကိုမှိတ်လျက် သူ့အာရုံထဲတွင် သူထွက်လာသည့်ဆေးရုံမှ ခုတင်ပေါ်ရှိသူ့ရုပ်လွှာကို မြင်ယောင်လာသည်။

"မြင်ပြီလား သမီး"

"မြင်ပြီ အဘ"

အဘိုးအိုက သူ့ညာဘက်လက်ကိုမြှောက်လိုက်ရာ မီးနီးလုံးသဖွယ် ... အငွေ့များထွက်လို့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်နှင့်သဒ္ဒါဖြူက ခပ်ဝေးဝေးသို့ဆုတ်ကာနေသည်။

တိမ်ဝင့်ထယ်၏ဘေးပတ်ပတ်လည်တွင် အဖြူရောင်အခိုးအငွေ့တို့ထွက်လာရာ

အဘိုးအိုက အလွန်မာန်ပါသောအသံဖြင့်အော်၍ တိမ်ဝင့်ထယ်အားလက်ညှိုးဖြင့်ထိုးလိုက်သည်။

"ဟိတ်"

တိမ်ဝင့်ထယ်လည်း တစ်ကိုယ်လုံးပေါ့ပါးကာ လေထဲတွင်ထွက်လို့သွားလေတော့သည်။

♦♦ ♦♦



BURMESE CLASSIC .com

# နိဂုံး

"အင်း ..."

"ဟင် ... သမီးလေးသတိရလာပြီ"

ဒက်ဒီရဲ့အားရဝမ်းသာလေသံကို တိမ်ဝင့်ထယ်ကြားလိုက်ရ၏။ မျက်လုံးကိုကြိုးစားဖွင့်၍ ...

"ဒက်ဒီ ကိုရဲရင့်ကိုအမိန့်ချလိုက်ပြီလား ဟင်"

"ချလိုက်ပြီသမီး စိတ်မကောင်းစရာပဲ သေဒဏ်တဲ့၊ ရဲရင့်ကလည်း သူတကယ်သတ်တယ်ဆိုတာ ဖြောင့်ချက်ပေးသွားတယ်လို့ကြားတယ်"

"ဟင် ... သူဝန်ခံတယ် ..."

"ဟုတ်တယ် သမီး၊ တကယ်တော့ ရဲရင့်ဟာစိတ်ရောဂါတစ်မျိုးခံစားနေရသူပါ၊ သူ့မန်နေဂျာမလေးကို သူမိန်းမထင်ပြီးဖက်ဖို့လုပ်ရာက ရုန်းကန်ရင်း သတ်မိသွားတာ ဝင်ဆွဲတဲ့မန်နေဂျာမလေးရဲ့အမေကိုတွန်းရာက တမံတလင်းနဲ့ရိုက်မိပြီး သေရှာတာ"

"သူ ဖြောင့်ချက်ပေးသွားတာပေါ့"

"ဟုတ်တယ် သမီး ..."



www.burmeseclassic.com

www.burmeseclassic.com



တိမ်ဝင့်ထယ်က ခေတ္တငြိမ်ကာစဉ်းစားရင်း ...

"ဒက်ဒီ သမီး ကလေးတစ်ယောက်မွေးစားမလို့"

"ဟင် ဘယ်က ကလေးလဲ"

"ကိုရဲရင့်ရဲ့သမီးလေးပါ"

"ဪ ... သမီးရယ်"

ဒက်ဒီ တိမ်ဝင့်ထယ်ရဲ့ခံစားချက်ကိုနားလည်စွာနှင့် ခေါင်းညိတ်ပြလိုက်သည်။

တိမ်ဝင့်ထယ် ဆေးရုံကဆင်းလျှင် ရဏားလမ်းဆုံးမြို့လေးကိုသွား၍ သမီးလေးကိုသွားခေါ်မည်။

သူသတိလစ်စဉ်ကတွေ့ရတဲ့ ပုံရိပ်တွေဟာ အစစ်ပဲလား အရိပ်တွေလား ဆိုတာ သူသိချင်သည်လေ —

သို့မှသာ ...

ပြီး။

အစဉ်ကြိုးစားလျက်

သစ်ငုတ်စိုးတဲ့ ဖိုးသုည

တယ်လီဖုန်းဖြင့် ဝေဖန်မိတ်ဆက်

အကြံပြုလိုသူများ မျှော်လင့်လျက်

ဖုန်း -(၀၁)၄၀၁၃၆၄ (၀၉)၇၃၁၁၃၉၀၉



www.burmeseclassic.com